# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၉)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၁၀ ရက် ၊ ၇-၅-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် သကျမိတ္တာ သီလရှင်စာသင်တိုက်အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ သို့ ■

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် မေ ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဧပြီ ၇ ရက်၊ တနင်္လာနေ့။

မန္တလေး

## နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E Ms. Paetongtarm Shinawatra နှင့် ဧပြီ ၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri-La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခံရမှုများအပေါ် မိမိနှင့် မိမိတို့ပြည်သူများအနေဖြင့် ထပ်တူဝမ်းနည်းရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီများကို မိမိတို့နိုင်ငံအနေဖြင့် ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံတွင် ပြင်းထန်လျှင်ကြောင့်ထိခိုက်ခံရမှုများနှင့်ပတ်သက်၍ အဆွေတော်နှင့် အဆွေတော်တို့ပြည်သူများအနေဖြင့် ဝမ်းနည်းကြောင်း ပြောကြားပေးမှုများနှင့် လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးမှုများကို မိမိတို့အနေဖြင့် ထိုင်းနိုင်ငံပြည်သူများကို များစွာကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်း ထိခိုက်မှုဖြစ်ပွားခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ အဆိုပါထိခိုက်မှုအတွင်း မြန်မာနိုင်ငံသားများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ်တွင်လည်း စိတ်မကောင်းဖြစ်ရပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ လာရောက်၍ အကူအညီပေးနိုင်ရေး လိုအပ်သည်များကို ကြည့်ရှုမည်ဆိုသည်ကိုလည်း မိမိအနေဖြင့် ကြိုဆိုကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်လက်နက်ရောင်းဝယ်မှုများ ပပျောက်ရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အလားတူ တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျော့နည်းပပျောက်စေရေးအတွက် နယ်စပ်နေပြည်သူများအား အသိပညာပေးမှုများနှင့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသွားမည့်အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်းထန်မြေလျှင် လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးမှုများအား ပြုပြင်နေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး



**မန္တလေး ဧပြီ ၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကျော်သည် မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားအလွန်ပြင်းထန်သော မြေလျှင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအား ကူညီဆောင်ရွက်ရန် ရောက်ရှိလာသော တိုင်းဒေသကြီး၊ ပြည်နယ်များမှအဖွဲ့များအား တွေ့ဆုံမှာကြားခြင်း၊ လျှပ်စစ်အန္တရာယ်ထိခိုက်မှုကြောင့်ဒဏ်ရာရရှိသူဝန်ထမ်းအား သွားရောက်တွေ့ဆုံအားပေးကူညီခြင်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အရေးပေါ်ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆက်လက်ပြုပြင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခြင်းများကို ဧပြီ ၅ ရက်က ပြုလုပ်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၁၂လမ်းနှင့် ၈၁ လမ်းထောင့်ရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁လမ်းနှင့် ၈၁လမ်းထောင့်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်း ပြုပြင်နေမှုအခြေအနေများ၊ ချမ်းအေးသာစံမြို့နယ် ၂၈လမ်း နှင့် ၈၂လမ်းထောင့် ထရန်စဖော်မာ ၂ တိုင်စင်၊ ၈၇လမ်းနှင့် ၂၇လမ်းထောင့် ထရန်စဖော်မာ ၂ တိုင်စင်များ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ၈၅လမ်း၊ ၂၈လမ်းနှင့် ၂၉ လမ်းထောင့်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၃၂ လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းထောင့်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၂၇ လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းထောင့်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့်(၂၆လမ်း) မြို့ပတ်လမ်းနှင့် မရမ်းခြံလမ်းထောင့်ရှိ ၁၁ကေဗွီ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုနှင့် ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနေမှုအခြေအနေများအား သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်းနှင့် ဧပြီ ၅ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မှု (၉၃) ရာခိုင်နှုန်း၊ မန္တလေးမြို့ပေါ် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မှု (၉၂) ရာခိုင်နှုန်းနှင့် လက်ရှိအချိန်တွင် ဝန်အားအများဆုံး (၃၅၆) မဂ္ဂါဝပ်ခန့်အထိ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးဘုရား၊ မိဘဈေးအနီး၊ ၈လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားတွင်လည်းကောင်း၊ အမရပူရမြို့နယ်၊ စွယ်တော်ဈေးအနီးတွင်လည်းကောင်း ရောင်းချပေးခဲ့သည်။**(အပေါ်ယာပုံ)**

သက်သာဈေးရောင်းချပေးမည့်အစီအစဉ်ကို ဧပြီ ၇ရက်တွင် ချမ်းအေးသာစံမြို့နယ် လမ်း၃၀နှင့် လမ်း၉၀ထောင့်နှင့် ချမ်းမြသာစည်မြို့နယ် ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၈၂လမ်းနှင့် ၃၂လမ်းထောင့် ရတနာဘုမ္မိအရှေ့ရပ်ကွက်နှင့် ပြည်ကြီးတံခွန်မြို့နယ် ၁၂၁လမ်း၊ ၅၁လမ်းနှင့် ၅၃လမ်းကြား သင်ပန်းကုန်း ရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ ၉ရက်တွင် အောင်မြေသာစံမြို့နယ် အကွက်(၁၃) ဒေါနဘွားရပ်ကွက်၊ အုတ်စက်ရှာ လယ်မွှာရုံနှင့် အမရပူရမြို့နယ်၊ ပွဲတော်ဘုန်းကြီးကျောင်းလမ်းအနီး၊ ရှာလယ်လမ်းဆုံ ကျုံ့တန်းရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ် ၈၂လမ်း၊ ထီးတန်းပဲတန်းလမ်း၊ တမ္ပဝတီရပ်ကွက် မုခ်ဦးတန်းမွှာရုံအနီးတွင်လည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ် ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ စိန်ပန်းရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ ဧပြီ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ အကွက်အမှတ်(၁၀၀)၊ မင်းတဲအီကင်းရပ်ကွက်ရုံးရှေ့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၈လမ်း ၇၂လမ်းနှင့် ၇၃လမ်းကြား၊ (ဂ)ရပ်ကွက်တွင် လည်းကောင်း၊ ဧပြီ ၁၃ရက်တွင် ချမ်းအေးသာစံမြို့နယ် ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်မှာရုံ၊ အထက(၁)ကျောင်းအနောက်ဘက်၊ လေးစုလမ်း၊ လေးစုရပ်ကွက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူနေသူ တစ်ဦးကို အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၅၀၀ ဆက်ကပ်လှူဒါန်းစဉ်။

■ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မြတ်ကိုယ်ပိုင်အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုကာ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ထိခိုက်ပျက်စီးခဲ့မှုများအား စနစ်တကျစိစစ်၍ ပြန်လည်ပြုပြင်နိုင်သည်များကို အဆင့်အလိုက် ပြုပြင်သွားရန်၊ ပြုပြင်၍မရသည့် အန္တရာယ်ရှိ ကျောင်းဆောင်များကို စနစ်တကျဖြိုချသွားရန်နှင့် ဆယ်တင်၍ရနိုင်သည့်ပစ္စည်းများကိုလည်း စနစ်တကျ ပြန်လည်ဆယ်တင် အသုံးပြုသွားရန်၊ ပြန်လည်ပြုပြင်၍ ရနိုင်သေးသည့် ကျောင်းဆောင်အား ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ခိုင်ခံ့မှုရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှုများ၊ အဆောက်အအုံအတွင်း ခြောက်ရက်ကြာပိတ်မိခဲ့ပြီး အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သူ ကျောင်းဆရာတစ်ဦး အပါအဝင် အခြားထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက် ပေးထားမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အသင်္ချာရိပ်သာသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် လူထိခိုက်သေဆုံးခဲ့ရမှုများ၊ သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ **စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အသင်္ချာရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေးကျွန်းမြေအုတ်ကျောင်း၌ အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များ အတူတကွပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မျှမျှတတရရှိစေရေး ဆောင်ရွက်**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေး ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတား နေရာများအား လတ်တလော သွားလာနိုင်ရန် အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ ရှိမည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက်လည်း လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများကို တတ်နိုင်သရွေ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပြီး ယခင်ကထက် ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြို့အဖြစ် ဖော်ဆောင် ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလမ်းရပ်ကွက် ကမ်းနားလမ်းပေါ်ရှိ မိုးဇာရေပေးဝေရေးစက်ရုံ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲခဲ့သည် အထိ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စကုမော်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့် စာမျက်နှာ ၅ သို့ »»»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတံတား(အင်းဝ)ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှုကို ကြည့်ရှုစဉ်။

- **ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လို**
- **ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတား နေရာများအား လတ်တလောသွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင် ဆောင်ရွက်ပေးသွားရန်လို**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲခဲ့သည်အထိ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ မြတ်ကိုယ်ပိုင် အထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးမှုများအား ဖယ်ရှား ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆွမ်းဦးပုညရှင်စေတီတော်တွင် ငလျင်ဒဏ်ကြောင့်အဆောက်အအုံပျက်စီးနေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးထားမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ စစ်ကိုင်းမြို့မှ လုပ်အားပေးလာရောက်ကြသည့် စေတနာ့ဝန်ထမ်း ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားသည်။ ယင်းနောက် စကုမ္မော်ဘုန်းတော်ကြီးကျောင်း ဝင်းအတွင်းမှ စစ်ကိုင်းတံတား (အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုပြီး အမြန်ဆုံးပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့် အားကစားကွင်း၌ အခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည့် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Hasizul ၏ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ တစ်ဦးချင်းအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့် အားကစားကွင်း၌အခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေးကျွန်းမြေ အုဋ္ဌကျောင်း၌ အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှု၊ သကျမိတာ သီလရှင်စာသင်တိုက် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှု၊ ဆွမ်းဦးပုညရှင်စေတီတော်တွင် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ ရတနာသိင်္ဂီ သီလရှင်စာသင်တိုက်တွင် အဆောက်အအုံ ပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သာသနိက အဆောက်အအုံများအား မူလလက်ရာမပြတ် ခိုင်ခံ့စွာဖြင့် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများကို အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ ကူညီကယ်ဆယ်ရေး အဖွဲ့များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။



သီတဂူသံဃသန္နိပါတကျောင်းဆောင်တော်ကြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူအပေါင်းတို့ ရရှိစေရန် အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူသံဃသန္နိပါတကျောင်းဆောင်တော်ကြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံး ပြန်လည်တည်ဆောက်သွားနိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ကားလမ်းမပေါ်၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မလမ်းအူကြောင်းရွေ့လျား ပြောင်းလဲခဲ့သည်အထိ ထိခိုက် ပျက်စီးခဲ့ရမှုအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ရှိင်တန်းရပ်ကွက်ရှိ မဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုကာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်မွမ်းမံမှုများကို စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ)ပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✇ စာမျက်နှာ ၂၄ မှ

လိုက်လံ တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါအားကစားကွင်းအတွင်း ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိသည့် ဘယ်လာရုစ်နိုင်ငံမှ Col. Eagle ဦးဆောင်သည့် ကယ်ဆယ်တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မဟာမုနိပိဋကတ်တိုက်တော်ကြီးအတွင်းရှိ ရှေးဟောင်းပိဋကတ်တော်များ ထိန်းသိမ်းထားရှိမှုများ၊ ကြေးရုပ် ပြတိုက်အတွင်းရှိ ရှေးဟောင်း ကြေးရုပ်ကြီးများ ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့မှုများကို အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေး အဖွဲ့များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအတွက် သစ်သီးခြင်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများ ပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့်သစ်သီးခြင်းတို့ကိုပေးအပ်ရာ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ကာ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မဟာမြတ်မုနိဘုရားကြီးသို့ရောက်ရှိကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာ ရွှေ ငွေ၊ ကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့သည့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများကို ကြည့်ရှုစစ်ဆေးပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် သစ်သီးခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မဟာမြတ်မုနိဘုရားကြီးနှင့်သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့စဉ် မဟာမြတ်မုနိဘုရားရုပ်ပွားတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့မှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိအဆောက်အအုံများကို စနစ်တကျဖြင့် ဖြိုဖျက်မှုများ ဆောင်ရွက်သွားရန်လိုပြီး ပြုပြင်မှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုသည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့မှုများကို တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများက အပျက်အစီးများ ရှင်းလင်း ဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မန္တလေးမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ၊ ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကိုရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဌာနအလိုက် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေး စီစဉ်ပေးထားသည့် စခန်းနေရာများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်း မိသားစုများ၏ ယာယီနေရာ ချထားရာစခန်းများသို့ လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူ သီရိမြို့နယ်ရှိ မြန်မာ့စာတိုက် လုပ်ငန်းရုံးသို့ ရောက်ရှိပြီး ရုံးဝင်း အတွင်း ငလျင်ဒဏ်ခံရသဖြင့် ဝန်ထမ်းမိသားစု ၉၂ ဦး တို့အား ယာယီစခန်းချထားမှုကို ကြည့်ရှု စစ်ဆေးရာ ဦးဆောင်ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက စုစည်းနေရာချထားမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများအတွက် စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်ပေးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းပြသမှုအပေါ် ပြည် ထောင်စုဝန်ကြီးက လိုအပ်ချက် များ ဖြည့်ဆည်းပေးပြီး ဝန်ထမ်းမိသားစုများအား အားပေး စကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့မီးရထား ဘူတာကြီးအမှတ် (၃)သို့ ဆိုက် ရောက်လာသော ရန်ကုန်- နေပြည်တော် အမှတ် (၇) အဆန် DEMU ရထားတွဲဆိုင်းနှင့် ဘူတာကြီး အမှတ် (၂) ၌ နေပြည် တော်မှ မန္တလေးသို့ ထွက်ခွာရန် အဆင်သင့်ဖြစ်နေသည့် အမှတ် (၂၇)အဆန်၊ လေအိတ်အမြန် ရထားတွဲဆိုင်းတို့အား ကြည့်ရှု စစ်ဆေး၍ ရထားများ အချိန်မှန် ထွက်ခွာ၊ ဆိုက်ရောက်နိုင်ရေး၊ သတ်မှတ်အမြန်နှုန်းဖြင့် ပြေးဆွဲ နိုင်ရေး၊ ရထားခရီးစဉ်သတင်း အချက်အလက်များကို ပြည်သူ လူထု ကျယ်ပြန့်စွာသိရှိစေရေး လိုအပ်ချက်များကို မှာကြား သည်။

ဆက်လက်၍ နေပြည်တော် ဘူတာကြီးနယ်မြေအတွင်း ငလျင် ဒဏ်ခံ ဝန်ထမ်းမိသားစုအင်အား ၈၀၀ တို့အား နေရာချထားမှု အခြေအနေ၊ မြန်မာ့မီးရထားဆေး အဖွဲ့မှ ဝန်ထမ်းမိသားစုနှင့် ဒေသခံ ပြည်သူတို့အား ဆေးဝါးကုသပေး မှုအခြေအနေတို့ကို စစ်ဆေးကာ ယာယီစခန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ လူနာ စုစုပေါင်း ၇၇၁ ဦးကုသပေးနိုင်ခဲ့မှုအပေါ် ဆက် လက်၍ ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရေး မှာကြားသည်။

ယင်းနောက် မီးဖိုဆောင်နေရာ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ကာ မိသားစုအလိုက် အမိုး၊ အကာ ဖြင့် စနစ်တကျ နေရာချထားရန် နှင့် ကာလတစ်ခုအထိ အဆင် ပြေစွာ နေထိုင်နိုင်ရေး Camp တည်ဆောက်ရန် လိုအပ်သည့် မြေနေရာများ ကြိုတင်စီစဉ် ဆောင်ရွက်ကြရေး မှာကြား သည်။ ဆက်လက်၍ မြန်မာ့ မီးရထား(ရုံးချုပ်) စီးပွားရေး ဌာနခွဲရုံးဝင်းအတွင်းရှိ ဝန်ထမ်း မိသားစု ၄၃၄ ဦးရှိသည့် ယာယီ စခန်းနေရာသို့ရောက်ရှိပြီး နေရာ ချထားပေးမှု အစီအစဉ်၊ စားသောက်ရေး အစီအစဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်း မိသားစုများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိ မြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး(ရွာတော်) ၌ ဌာနဝန်ထမ်းမိသားစု ၁၀၈ ဦး တို့အား ယာယီစခန်းချနေထိုင်မှု အခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ အားပေး စကား ပြောကြားခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

---

# ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုများအား အမြန်ဆုံးပြင်ဆင်ပြီးစီး၍ ရထားများပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် ဇွန် ၆

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ် ကြောင့် ရထားလမ်းပိုင်းအချို့နေရာများ၌ ပြိုကျ ပျက်စီးမှုများဖြစ်ပွားခဲ့သော ရန်ကုန်-မန္တလေး ရထား လမ်းပိုင်းအတွင်း ရထားပြေးဆွဲမှုများကို ယာယီ ရပ်နားထားခဲ့ရပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင် ခဲ့မှုကြောင့် ဇွန် ၅ ရက်မှစ၍ ရန်ကုန်- နေပြည်တော် - မန္တလေးလမ်းပိုင်းအတွင်း လူစီး ရထားများ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်း ထုတ်ပြန်ပြီဖြစ်သည်။

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးလမ်း ပိုင်းအတွင်း ရန်ကုန်မှ စတင်ထွက်ခွာသည့် အမှတ် (၇)အဆန် ခေတ်မီ DEMU ရထားနှင့် မန္တလေးမှ စတင်ထွက်ခွာသည့် အမှတ်(၂၈)အစုန် လေအိတ် ရထား၊ နေပြည်တော်မှ ရန်ကုန်သို့ စတင်ထွက်ခွာ သည့် အမှတ်(၈)အစုန်ခေတ်မီ DEMU ရထားနှင့် နေပြည်တော်မှ မန္တလေးသို့ စတင်ထွက်ခွာသည့် အမှတ်(၂၇)အဆန် လေအိတ်ရထားများတွင် ခရီးသည်များ အသီးသီးလိုက်ပါစီးနင်းမှုရှိကြောင်း သိရသည်။ ထို့အတူ ရထားပေါ်တွင် စီးနင်းလိုက်ပါ လာသည့် သံဃာတော်များအား သက်ဆိုင်ရာ နယ်မြေအလိုက် ရထားဝန်ထမ်းများက နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွား လာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်း မှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန် ရထားများ ပြေးဆွဲပေးခြင်းကို စီစဉ်ဆောင်ရွက်ပေး လျက်ရှိရာ အဓိက ရထားလမ်းပိုင်းများ ဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြား လမ်းပိုင်းများတွင်လည်း ရထားများ ပြေးဆွဲပေး လျက်ရှိပြီး ခရီးသွားပြည်သူများအနေဖြင့် ရထား လက်မှတ်များကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေး အတွက် အထက်တန်းလက်မှတ်အား သုံးရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ် အားတစ်ရက်ကြိုတင်၍လည်းကောင်း ဘူတာရုံများ နှင့် လက်မှတ်အရောင်းနေရာများတွင် ကြိုတင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



---



# ငလျင်ဒဏ်ကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော မိုဘိုင်းစခန်းများနှင့် ဆက်သွယ်ရေးစခန်းများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ထား

နေပြည်တော် ဇွန် ၆

နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ် ရေးစခန်း ၂၆၀၀၀ ကျော်အနက် ၆၇၃၀ ကျော်သည် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာ အော်ပရေတာများမှ ဇွန် ၆ ရက်အထိ စခန်းပေါင်း ၅၉၀၀ ကျော်ကို ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ငလျင်ဒဏ်ကြောင့် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း၏ Auto Exchange ၉၅ ခု ချို့ယွင်းပျက်စီးခဲ့ရာ ဇွန် ၅ ရက်အထိ ၆၀ ပြုပြင်ပေးနိုင်ခဲ့ပြီး ကျန် Exchange ၃၅ ခုအား ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် တယ်လီဖုန်းတိုင်ကြိုးများ၊ ကေဘယ်လ်ကြိုးများ ရှင်းလင်းဖယ်ရှားခြင်း၊ မိုဘိုင်းစခန်းများနှင့် ကေဘယ်လ်ကြိုးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ e-Government Data Center ရှိ Government Cloud System အား ပြုပြင်ခဲ့ရာ ဇွန် ၅ ရက်တွင် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများ၏ Cloud Service ၂၄၇ ခုမှာ ဝန်ဆောင်မှုများ ပြန်လည်ရရှိခဲ့သည်။ EDMS စနစ်၊ Government e-Mail စနစ်၊ GPMS စနစ်များကို ဇွန် ၆ ရက်တွင် စနစ်များ ကောင်းမွန်စွာလည်ပတ် အသုံးပြုနိုင်ပြီဖြစ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက် ၁၅ ခု လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရာ မတ် ၃၀ ရက်တွင် ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် ပြည်သူများနှင့်တစ်သားတည်းရှိရန် ကုလသမဂ္ဂကို တိုက်တွန်း

(၅-၄-၂၀၂၅၊ နေပြည်တော်)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၄-၂-၂၀၂၅ ရက်မှ ၄-၄-၂၀၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူဆိုသူတို့၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများအပေါ် အနှစ်သာရကင်းသည့် အပြန်အလှန် ဆွေးနွေးမှုများကို ၃-၃-၂၀၂၅ ရက် နှင့် ၂၀-၃-၂၀၂၅ ရက်တို့တွင် အသီးသီး ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဥရောပသမဂ္ဂက တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကို ၃-၄-၂၀၂၅ ရက်တွင် သက်ဆိုင်ရာနိုင်ငံကို ချန်လှပ်၍ ဘုံသဘောတူညီချက်မရှိဘဲ အတည်ပြုချမှတ်ခဲ့ခြင်းမှာ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှု၏ အခြေခံသဘောတရားကို သေးသိမ်စေသည်။

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်၌ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီး လူပေါင်း ၃၀၀၀ ကျော် သေဆုံးကာ အခြေခံအဆောက်အအုံများ ဆိုးရွားစွာပျက်စီးခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြင်းထန်စွာထိခိုက်ခဲ့သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ ငလျင်ဘေးသင့်နေရာများကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ကူညီပံ့ပိုးလိုသည့် မည်သည့်အဖွဲ့အစည်းကိုမဆို အထောက်အပံ့များပေးအပ်ရန် ဖိတ်ခေါ်ခဲ့သည်။ အဖွဲ့ဝင် ၄၃ ဦး ပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အရေးပေါ်တုံ့ပြန်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးလုပ်ဆောင်လျက်ရှိသည်။

အဆိုပါ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဘေးဒဏ်သင့်နေရာများသို့ အစားအစာများ၊ ဆေးဘက်ဆိုင်ရာ အကူအညီများပေးခြင်းနှင့် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများပေးခြင်းတို့အပါအဝင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုများနှင့် ပံ့ပိုးမှုများကို ကြိုဆိုသည်။

အရေးပေါ်ကာလတွင် မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရှိကြောင်းပြသ၍ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် ကုလသမဂ္ဂအေဂျင်စီများအပါအဝင် နိုင်ငံများနှင့် အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ ထိုသို့ အားပေးသည့် အပြုအမူများမှာ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသရာရောက်သည်။

ယခုကဲ့သို့ သဘာဝဘေးနှင့် ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အချို့နိုင်ငံများ၏ အက်ကြောင်းထပ်နေသော ပြစ်တင်ဝေဖန်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်မှာ လွန်စွာဝမ်းနည်းဖွယ်ဖြစ်သည်။ ယခုအချိန်တွင် မြန်မာပြည်သူများ အမှန်တကယ်လိုအပ်သည်မှာ ကူညီဖေးမမှု၊ အကူအညီ၊ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုနှင့် တစ်သားတည်းဖြစ်မှုတို့သာဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေသော နိုင်ငံရေးသွတ်သွင်းသည့် ဆုံးဖြတ်ချက်အဆိုကို အလိုမရှိပါ။

မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်၃ခုကျော်ကြာပြီဖြစ်သည့် အထူးအစီရင်ခံစာတင်သွင်းသူကဲ့သို့သော လက်တွေ့တန်ဖိုးကင်းမဲ့ပြီး ထိရောက်မှုမရှိသည့်လုပ်ပိုင်ခွင့်များကို အဆုံးသတ်ရန် ကုလသမဂ္ဂအား တိုက်တွန်းသည်။

ယခုကဲ့သို့ သဘာဝဘေးကြောင့် အခက်အခဲများကြုံတွေ့နေရသည့်ကာလတွင် မျှတ၍ လက်တွေ့ကျသော ချဉ်းကပ်မှုဖြင့် မြန်မာနိုင်ငံ၏သဘာဝဘေးတုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရန်နှင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိရန်လည်း ကုလသမဂ္ဂကို တိုက်တွန်းသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ UNOCHA ၏ အကြီးအကဲနှင့် Under-Secretary-General Mr. Tom Fletcher ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under-Secretary-General Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Mr. Tom Fletcher က ငလျင်ဘေးသင့်ပြည်သူများအား ကူညီရန်အတွက် နိုင်ငံတကာမှ ယခုအချိန်အထိ လှူဒါန်းရန်ကတိပြုငွေ အမေရိကန် ဒေါ်လာ ၉၃ သန်း ရရှိထားကြောင်း၊ ကုလသမဂ္ဂ၏အရေးပေါ်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၄၊သန်းအား အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယင်းတို့ကို အသုံးပြု၍ အကူအညီပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် ကုလသမဂ္ဂဝန်ထမ်းများကို စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် မတ် ၂၈ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့ အခြေစိုက် UNOCHA ရုံး၏ အကြီးအကဲတို့ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးရမှုများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ဂါရဝပြုခဲ့ကြသည်။(အပေါ်ပုံ)

သတင်းစဉ်

# အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်နှင့်အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သော မြေငလျင် လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ငလျင်ဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းလာရောက်၍ အတူလက်တွဲပူးပေါင်းလျက် လုပ်ငန်းများဆောင်ရွက်ပေးခဲ့မှုအတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ နေ့ညမနားမနေ ကြိုးစားဆောင်ရွက်မှုများကြောင့် အသက်ရှင်လျက် ရှစ်ဦး ကယ်ထုတ်နိုင်ခဲ့ပြီး သေဆုံးသူ ၁၇၂ ဦး ရှာဖွေနိုင်ခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများသည် အဓိကကျပါကြောင်း၊ ယခုကဲ့သို့ လာရောက်ပူးပေါင်းမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် မိတ်ဆွေတို့နိုင်ငံမှ စိတ်ပူစွာဖြင့် စာနာကူညီပေးကြသော ပြည်သူများကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များနှင့် AHA Centre မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**မန္တလေး မေ ၆**

ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်ချက်များအားလည်းကောင်း၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းက ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအားလည်းကောင်း ရှင်းလင်းပြောကြားခြင်း၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာများ တင်ပြခြင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့သည်။

ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိ ၁၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-ဇ)




## မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၈ ရက် ခေတ္တရပ်နားမည်

**မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်(တနင်္ဂနွေနေ့)မှ မေ ၂၀ ရက် (တနင်္ဂနွေနေ့)ထိ ၈ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၂၁ ရက် (တနင်္လာနေ့)တွင် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။**



**ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်နှင့် ရေတံခွန်တောင်စီးတီးမှ ရေသယ်ယာဉ်ဖြင့် မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် ရေလိုအပ်မှုအတွက် မေ ၅ ရက် ညနေပိုင်းတွင် ရေဂါလန် ၄၀၀၀ ပို့ဆောင် ရေပေးဝေစဉ်။**

## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး မေ ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၁၃)၊ မြို့ပတ်လမ်း၊ ၁၀ လမ်းထောင့်ရှိ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)ရှိ အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းတည့် ၁၂ နာရီက မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲကျင်းပရာ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်လှိုင်သာနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီး မှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် နှင့် သနွေမီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသော ဝန်ထမ်းများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် မေ ၆**

မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဂါနာနိုင်ငံသား ငါးဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦး စုစုပေါင်း ၁၅ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းခဲ့သည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံကာ စာရင်းဇယား အချက်အလက်များ၊ မှတ်တမ်းများ စနစ်တကျ ဖြစ်စေရေး၊ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ထားရှိရန် မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၃၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၁၄၂ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၉၇ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေး လိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

**မြစ်သား မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်သည် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံမှာကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးက အပတ်စဉ်တနင်္လာနေ့ နံနက် ၇ နာရီတိုင်းတွင် မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား စစ်ဆေးပြီး တန်းစီ၊ လူစစ်၊ နိုင်ငံတော်အလံအလေးပြု၊ သစ္စာဆို၊ ဝတ်စားဆင်ယင်မှုစစ်ဆေးခြင်း၊ တာဝန်ရှိသူများ၏ လမ်းညွှန်မှာကြားချက်များ ချပြရှင်းလင်းခြင်း၊ မီးဘေးလုံခြုံရေးလုပ်ငန်းများအား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန်၊ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို ကျေပွန်အောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မီးငြိမ်းသတ်ယာဉ်များ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ စခန်းသန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အတွင်း ဈေး၊ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မြို့နယ်အတွင်း သင့် (၄) သင့်၊ မြန်(၃)မြန်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထား



နေပြည်တော် မေ ၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြေငလျင်လှုပ်ခတ်မှုကြောင့်အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများအား သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရေးအတွက် မန္တလေး(ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ခရီးသည်ကူးတို့ခရီးလမ်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များဖြစ်သည့် "ပြဒါးရှင်"ရေယာဉ်နှင့် "ပြည်သူ" ရေယာဉ်နှစ်စင်းဖြင့်လည်းကောင်း၊ ကုန်တင်ယာဉ်ကြီးများကူးတို့ခရီးလမ်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့်လည်းကောင်း မတ် ၃၁ ရက်မှစ၍ အခမဲ့ပြေးဆွဲပေးခဲ့သည်။

အဆိုပါကူးတို့ခရီးလမ်းများဖြင့် မေ ၆ ရက်အထိ ခရီးသည် ၉၄၂ ဦး၊ ကုန်တင်ယာဉ် ၉၀၂ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၅၅၁ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဧရာဝတီမြစ်ကူးတံတား ရတနာပုံနှင့် အင်းဝတံတားတို့ပေါ်မှ သွားလာမှုအခက်အခဲဖြစ်ပေါ်နေမှုကို အဆင်ပြေစေရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများအတွက်ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ပို့ဆောင်ပေးမည့် နိုင်ငံတကာမှ ကယ်ဆယ်ရေးလေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ မတ် ၂၉ ရက်မှစ၍ နေ့စဉ်ဆင်းသက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လေယာဉ် ၈၉ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၄၈၃ ဒသမ ၉၃ တန် ရောက်ရှိပြီးဖြစ်သည်။ အဆိုပါ ပြည်ပမှ လာရောက်သည့် ကယ်ဆယ်ရေးလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှေ့ဆောင်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် MC- Jalux Airport Services ကုမ္ပဏီတို့က အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးနှင့် နေပြည်တော်လေဆိပ်များတွင် ယာယီရပ်နားခဲ့သည့် ပြည်တွင်းလေယာဉ်ခရီးစဉ်များ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ရေး လေဆိပ်အလိုက် လေယာဉ်ပြေးလမ်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ပျက်စီးမှုများပြုပြင်ခြင်း၊ လေဆိပ်အဆောက်အအုံများတွင် ခရီးသည်များ ယာယီအသုံးပြုနိုင်ရန် ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်များကို မေ ၄ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ မေ ၅ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အတွက် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မင်္ဂလာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ ခရီးစဉ်များ ပုံမှန်ပျံသန်းပေးလျက်ရှိသောကြောင့် ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မေ ၁၂ရက်မှ ၁၄ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်


နေပြည်တော် မေ ၆


ယနေ့ ညနေ ၆နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ယနေ့ညမှ မေ ၁၁ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မေ ၁၂ရက်မှ ၁၄ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။


### အကြံပြုချက်


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဧလ**






## ယောကရက်စ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ရရှိပါက စပို့တင်းလစ္စဘွန်း ရောင်းချဖွယ်ရှိ

**လန်ဒန် ဧပြီ ၆**

စပို့တင်းလစ္စဘွန်းအသင်းသည် အသင်းတိုက်စစ်မှူး ယောကရက်စ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၇၀ ရရှိပါက ရောင်းချသွားဖွယ်ရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ် အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ယောကရက်စ်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ ပွဲကစားပြီး ၈၆ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ယောကရက်စ်အား စပို့တင်းလစ္စဘွန်းအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဟမ်မဲလ် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူမည်

**တူရင် ဧပြီ ၆**

ရိုးမားအသင်းနှင့် ဂျာမနီဝါရင့်နောက်ခံကစားသမား ဟမ်မဲလ် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတွင် ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်အသင်း



တို့တွင် ကစားခဲ့သလို လက်ရှိအချိန် ရိုးမားအသင်းတွင် ကစားပြီး ခြေစွမ်းပြထားသည်။

နောက်ခံကစားသမား ဟမ်မဲလ်သည် ရိုးမားအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် ၃၆ နှစ်အရွယ်ရှိ ဟမ်မဲလ်က "ကျွန်တော် ယခုနှစ်ဘောလုံးရာသီအကုန်မှာ ကစားသမားဘဝမှ အနားယူတော့မှာပါ။ ကျွန်တော့်ကို ယနေ့အချိန်ထိ အားပေးတဲ့ တစ်ဦးတစ်ယောက်ချင်းစီကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**



## ပြီလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်ထုတ်ပြန်ခဲ့ရာ အာဂျင်တီးနားအသင်း ထိပ်ဆုံး၌ ဆက်လက်ရပ်တည်

**လန်ဒန် ဧပြီ ၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာက ၂၀၂၅ခုနှစ် ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထုတ်ပြန်ခဲ့ရာ အာဂျင်တီးနားအသင်းက ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်ခဲ့သည်။ **(အပေါ်ပုံ)**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ ထုတ်ပြန်ချက်တွင် အာဂျင်တီးနားအသင်းက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၄င်းနောက်တွင် စပိန်၊ ပြင်သစ်၊ အင်္ဂလန်၊ ဘရာဇီး၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ဂျာမနီတို့ အသီးသီးရပ်တည်လျက်ရှိသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အား ၂၀၂၄ခုနှစ် ဒီဇင်ဘာတွင် နောက်ဆုံးထုတ်ပြန်ခဲ့ပြီး ယခု ၂၀၂၅ခုနှစ်အတွင်းတွင် ပထမဆုံးအကြိမ် ထုတ်ပြန်ခဲ့သည်။

အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီက "အခုလို အသင်းအနေနဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ထိပ်ဆုံးနေရာမှာ ဆက်လက်ရပ်တည်နိုင်လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ နောက်ထပ်လည်း ယခုလို ဆက်လက်ရပ်တည်နိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**



## ဟယ်ရီကိန်းက ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးဟု ဆွန်ဟောင်မင် ချီးကျူး

**လန်ဒန် ဧပြီ ၆**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးဖြစ်ကြောင်း အသင်းဖော်ဟောင်းဖြစ်သူ စပါးအသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်က ချီးကျူးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ ပွဲကစားကာ ၇၈ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

ဆွန်ဟောင်မင်က "ဟယ်ရီကိန်းက ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးပါ။ သူနဲ့ ကျွန်တော်နဲ့လည်း အခုထိ အဆက်အသွယ်ရှိနေပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူနဲ့ ပြန်လည်ဆုံစည်းကစားခွင့်ရဖို့လည်း မျှော်လင့်ပါတယ်။ သူ့အနေနဲ့လည်း အောင်မြင်မှုများစွာ ရယူနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု ပြောသည်။ **(NGB)**

## အန်ဒရေရာဆီယူအား ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်များ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဧပြီ ၆**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ချက်စတာစီးတီးအသင်းနှင့် လီဗာပူးအသင်းတို့သည် ဗယ်လက်ကာနိုအသင်း နောက်ခံကစားသမား အန်ဒရေရာဆီယူအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၆ နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဗယ်လက်ကာနိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅



ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၉ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်များက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဗယ်လက်ကာနိုအသင်းကလည်း အန်ဒရေရာဆီယူအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းနှင့် လီဗာပူးအသင်းတို့အနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် ဗယ်လက်ကာနိုအသင်းထံမှ အန်ဒရေရာဆီယူအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## ကန်တီ အယ်လ်အစ်တီဟတ်အသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် ဧပြီ ၆**

ဝါရင့်ကွင်းလယ်ကစားသမား ကန်တီ အယ်လ်အစ်တီဟတ်အသင်းတွင် ပျော်ရွှင်ခြင်းမရှိခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက် ၃၄ နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် နည်းပြ ဆိုးလ်ရှားကိုင်တွယ်နေသည့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူချင်လျက်ရှိသည်။

ကွင်းလယ်ကစားသမား ကန်တီသည် အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ ပွဲကစားပြီး ၇ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဘီဆစ်တပ်စ်အသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် အယ်လ်အစ်တီဟတ်အသင်းထံမှ ထွက်ခွာဖွယ်ရှိသော ကန်တီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jessica Pegula တက်ရောက်

**ဝါရှင်တန် ဧပြီ ၆**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန် တင်းနစ်မယ် Jessica Pegula တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Ekaterina Alexandrova အား ၆-၂၊ ၂-၆၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula နှင့် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Sofia Kenin တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**



### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၄-၂၀၂၅ အင်္ဂါနေ့ | နံနက်၁း၃၀နာရီ | လက်စတာ - နယူးကာဆယ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၄-၂၀၂၅ အင်္ဂါနေ့ | နံနက်၁း၃၀နာရီ | ဘိုလော့နာ - နာပိုလီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၄-၂၀၂၅ အင်္ဂါနေ့ | နံနက်၁း၃၀နာရီ | လီဂါနက်စ် - အိုဆာဆူနာ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအဖွဲ့တို့အား နှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြား

**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧပြီ ၅ ရက် ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ပြန်လည်ထွက်ခွာကြသည့် အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအဖွဲ့အားနှုတ်ဆက်၍ ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့သည် လူသားချင်းစာနာထောက်ထားမှုများဖြင့် မန္တလေးမြို့သို့ မတ် ၃၀ ရက်က ရောက်ရှိပြီး ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်ဟောင်းနေရာတွင် ယာယီကုသဆောင်များဖွင့်လှစ်၍ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့်ဆေးကုသမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြပြီး၍ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွေ့ဆုံနှုတ်ဆက်၍ အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် မန္တလေးတိုင်းဒေသကြီးတွင်လည်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများဖြစ်ပေါ်ခဲ့သဖြင့် ပြည်တွင်းမှ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များဖြင့် ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## ဆောင်းရာသီတွင် စိုက်ပျိုးသည့် ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာ ဧက ၉၆၉၀ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းရာသီတွင် စိုက်ပျိုးခဲ့သည့် ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာပင် ဧက ၉၆၉၀ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာပင် ၇၉၀၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဧက ၉၆၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာပင် စိုက်ခင်းများကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။ **(ယာပုံ)**

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံရာသီက ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာပင် ဧက ၉၆၉၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဓိကစိုက်ပျိုးတဲ့ ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာတွေကတော့ နှံစားပြောင်း၊ နေဗီယာမြက်နဲ့ ပဲသီးနှံများကို အများဆုံး စိုက်ပျိုးကြပါတယ်။ အဲဒီလို ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာပင် စိုက်ခင်းတွေကို ဒေသခံတောင်သူတွေက ယခုနှစ် ဇန်နဝါရီလမှစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ လက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာပင် ရိတ်သိမ်းတာနဲ့ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုတွေ မဖြစ်စေဖို့ အချိန်မီ ရိတ်သိမ်းနိုင်အောင် လိုအပ်တဲ့ ရိတ်သိမ်းနည်းစနစ်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် ဒေသခံတောင်သူများက မိမိတို့ မွေးမြူထားသော ကုလားပဲ၊ နှမ်းတိရစ္ဆာန်တွေ အစာရှားပါးမှုမဖြစ်စေဖို့နဲ့ ကုလားပဲ၊ နှမ်းတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုနိုင်ဖို့အတွက် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို စနစ်တကျ အသုံးချပြီး နှံစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ နေဗီယာနှင့် ဖူးစားပြောင်းတို့ကို အဓိကစိုက်ပျိုးကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲ၊ နှမ်းတိရစ္ဆာန်အစာ စိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သွင်းအားစုများ စနစ်တကျသုံးစွဲနည်းပညာများ လက်တွေ့သရုပ်ပြသခြင်း၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။(၄၄၅)

## မြေငလျင်ကြောင့် ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံများကို ဖြိုချရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊အမရပူရမြို့ပေါ်တွင် စစ်ကိုင်း-မန္တလေးလမ်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် လမ်းပေါ်တွင် ကျရောက်နေသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ အန္တရာယ်ရှိ အဆောက်အအုံများဖြိုချဖျက်ဆီးပြီး လမ်းရှင်းခြင်းများကို ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ကိုင်း-မန္တလေး လမ်းပေါ်ရှိ လေးစုရပ်ကွက် ဦးလှကျော်ပိုင် နှစ်ထပ်အာစီအိမ်၊ ရှိးမဘဏ်နှင့်အိုးတော်ရပ်ကွက် ဒေါ်ညိုမီပိုင် ရှေးဟောင်းအဆောက်အအုံနှစ်ထပ်တိုက်နှင့် ကွမ်းသီးတန်းရပ် ဦးဇော်အောင်ထက်ပိုင် ရှေးဟောင်းနှစ်ထပ်တိုက်တို့ကို ဖြိုချ ဖျက်ဆီးပြီး၊ ရှိးမဘဏ် အဆောက်အအုံအား ရှင်းလင်းရေးလုပ်ငန်းများကို စည်ပင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊လူမှုကယ်ဆယ်ရေးအသင်းနှင့် အမရပူရမြို့ပြစီမံကိန်းမှ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များက အနီးကပ် စီမံဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆားချက်ရပ်ကွက်နှင့် ပေါက်ပေါက်တန်းရပ်ကွက်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ရွှေ့လျားရေသန့်စက်ဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ဂါလန်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်အား လာရောက်တွေ့ဆုံ

**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုး အောင်နှင့် အဖွဲ့ဝင်များအား မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့က ဧပြီ ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးက မြန်မာနိုင်ငံ ငလျင်သဘာဝ ဘေးအန္တရာယ် ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ကိစ္စရပ် များနှင့်ချစ်ကြည်ရင်းနှီးမှုကိစ္စရပ် များကို ခင်မင်ရင်းနှီးစွာဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံ အစိုးရမှ မြန်မာနိုင်ငံရှိ ငလျင် ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်း၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီ များ ကူညီဆောင်ရွက်ပေးခြင်း များအပေါ် အထူးပင်ကျေးဇူး တင်ရှိပါကြောင်းနှင့် လိုအပ်သည့် ကိစ္စရပ်များကို ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း အမြင် ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံး အိန္ဒိယ ကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump အဖွဲ့နှင့် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် မြေကော်စက်အသေး(၁)စီး၊ ၅တန်မိုးကာတဲ (၂)လုံး၊ အသင့်စားခေါက်ဆွဲ ထုပ် (၄၅၀၀၀)ထုပ်အား ပေးအပ်လှူဒါန်း

**မန္တလေး ဧပြီ ၆**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Mongkol Visitstump အဖွဲ့နှင့် ထိုင်း- မြန်မာချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အတွက် MINI EXCAVATOR U55-6MMRX-1U အမျိုးအစား မြေကော်စက်အသေး(၁)စီး၊ မိုးကာတဲ (၂)လုံးနှင့် ငလျင်ဘေး သင့်ပြည်သူများအတွက် မားမား ခေါက်ဆွဲထုပ် (၄၅၀၀၀)ထုပ် တို့ကို ဧပြီ ၆ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ၁၁ ထပ် Sky Villa အဆောက်အအုံ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာ ယာယီကွပ်ကဲရေး ရုံးသို့ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင်မြန်မာ နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ် ကြီးက လာရောက်လှူဒါန်းရခြင်း ရည်ရွယ်ကို ပြောကြားပြီး ပေး အပ်လှူဒါန်းရာ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီး ဦးအောင်ကျော်မိုး၊ အောင်မြေသာစံ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့က လက်ခံ၍ လူမှုရေးရာ ဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးများနှင့်ပြည်နယ် အချို့တို့တွင်ငလျင်ဒဏ်သင့်ခဲ့ရ ပြီး လမ်းတံတား၊ အဆောက်အအုံ များ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံးခဲ့ရမှုများ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှ လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးမှု များကိုလည်း ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ပြိုကျပျက်စီး သွားသော အဆောက်အအုံများနှင့် အပျက်အစီးများအား ရှင်းလင်း ဖယ်ရှားခြင်း၊ ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများကို ဘေး အန္တရာယ်မဖြစ်စေရေး စနစ်တကျ ရှင်းလင်းဖယ်ရှာခြင်းများကို ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများကို အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ ရေးပစ္စည်းများ၊ အလှူငွေများ ကိုလည်း လာရောက်လှူဒါန်း လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀









ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ကြိုတင်မခန့်မှန်းနိုင်သည့် ငလျင်လှုပ်ရှားမှုနှင့် ကောလာဟာလ

ခိုင်ဆက်ဝေ

**ငလျင်လှုပ်ရှားမှုကို ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသေးသော်လည်း ပြင်ပတွင် ကြိုတင်၍ ငလျင်လှုပ်မည်ဟု ပြောဆိုနေကြသည်။ လူမှုကွန်ရက်တွင် ငလျင်လှုပ်မည်၊ ပြင်းအားများမည်၊ ပြင်းအားနည်းမည် စသည်ဖြင့် လေထဲတွင် အသံလွှင့်နေခြင်းကြောင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပုံကြီးချဲ့ကြသည်။ ထိုသို့ Like များစွာရရှိရေးကို ဦးတည်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေခြင်းသည် မလုပ်ကောင်းသော အရာဖြစ်သည်။ အလားတူ စာဖတ်သူတို့ကလည်း တွေးဆခြင်းမရှိဘဲ မျက်စိမှိတ် လက်ခံကြပြန်သည်။**

ငလျင်သဘောသဘာဝမှာ ငလျင်ကြီးမလှုပ်မီ ငလျင်ငယ်များလှုပ်ခတ်သည့် သဘာဝနှင့် ယခုကဲ့သို့ ငလျင်ကြီးလှုပ်ခတ်ပြီးပါက နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားတတ်သည်ဟု ငလျင်ပညာရှင်များက အတိအလင်း ပြောဆိုထားပေသည်။ သို့ဖြစ်၍ ငလျင်နှင့်ပတ်သက်၍ လူအများ ပါးစပ်ဖျားတွင် မခိုင်မာသော၊ မဖြစ်နိုင်သော ကောလာဟာလများက လူထုကို စိတ်ပူပန်မှုဖြစ်စေသည်ကို သတိချပ်ကြရမည် ဖြစ်ပါသည်။

မြေငလျင်ဘေးမှာ ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိခြင်းနှင့် မြေငလျင်သုတေသနများအရ အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ဖူးသည့် နောက်ပိုင်း နှစ် ၆၀ သို့မဟုတ် နှစ် ၈၀ ကျော် ကြာမြင့်ပြီးချိန်၌ တစ်ကျော့ပြန် ငလျင်ကြီးများလှုပ်တတ်သည်ဟု ဆိုခြင်းကြောင့် ငလျင်ဖြစ်ပွားစဉ်၊ ဖြစ်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို သိရှိလိုက်နာကြရန် လိုအပ်ပါသည်။

လူမှုပတ်ဝန်းကျင်၌ ကြုံတွေ့ရနိုင်သော မြေငလျင်ဘေး၊ ရေကြီးရေလျှံဘေး၊ ကမ်းပြိုဘေး၊ မုန်တိုင်းဘေး၊ မိုးကြိုးဘေး၊ မြေပြိုဘေး၊ ဆူနာမီဘေးစသည်ဖြင့် ကိုးမျိုးရှိရာ လာမည့်ဘေး ပြေးတွေ့ကြရမည်ဖြစ်ကာ ကြောက်ရွံ့နေ၍ မဖြစ်ချေ။ များသောအားဖြင့် ငလျင်ဘေးကာကွယ်ရေး လမ်းညွှန်ချက်များကို ဥပဒေသာပြုထားကြသည်။ ကာကွယ်ရေးနည်းလမ်းများကို သိရှိလိုက်နာလျှင် ဆုံးရှုံးမှုနည်းမည်မှာ အသေအချာဖြစ်ပြီး ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်ကြရမည် ဖြစ်သည်။

မန္တလေးတွင် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်က မန္တလေးမြို့အရှေ့မြောက်ဘက် ၂၁ကီလိုမီတာမှ မြေအောက်အနက် ၁၀ ကီလိုမီတာ ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် အင်အားအလွန်ပြင်းစွာ လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်းတို့သာမက နေပြည်တော်၊ ရန်ကုန်မြို့များအထိ သက်ရောက်ခဲ့သဖြင့် လူနေအိမ်နှင့် သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ သေဆုံးဒဏ်ရာရမှုများလည်း ရှိခဲ့သည်။

"ငလျင်ရဲ့ သက်ရောက်မှုက လှုပ်ခတ်တဲ့ အင်အား၊ ဗဟိုပြုတဲ့ မြေအောက်အနက်နဲ့ ဗဟိုပြုလှုပ်ခဲ့တဲ့နေရာနဲ့ နီးရင်နီးသလို သက်ရောက်မှုကြီးပါတယ်။ လှုပ်ခတ်တဲ့ ပြင်းအားနည်းပေမယ့် ဗဟိုပြုလှုပ်ခတ်တဲ့အနက်က တိမ်နေရင် သက်ရောက်မှုကြီးတယ်။ အင်အားလည်းများတယ်။ ဗဟိုပြုတဲ့ အနက်ကလည်းများပြီး အင်အားများရင် သက်ရောက်မှုနည်းတယ်။ အခုဖြစ်တဲ့ မန္တလေးငလျင်က မလှုပ်ခတ်ဖူးတဲ့ အင်အားကလည်း အင်အားပြင်းပြီး ဗဟိုပြုအနက်ကလည်း တိမ်တာကြောင့် သက်ရောက်မှုကြီးမားခဲ့ပါတယ်"ဟု ငလျင်သုတေသနပြုသူတစ်ဦးက ပြောသည်။

**ငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်ငယ်များ**

ငလျင်ကြီးလှုပ်ခတ်မည်ဆိုပါက ရှေ့ပြေးငလျင်များအဖြစ် လှုပ်ခတ်နိုင်ပြီး ငလျင်ကြီးလှုပ်ခတ်ပြီးလျှင်လည်း နောက်ဆက်တွဲ ငလျင်များက ဆက်တိုက်လှုပ်ရှားတတ်သည့် သဘောသဘာဝရှိသည်။ မန္တလေးငလျင်လှုပ်ခတ်ခြင်းမပြုမီက မြန်မာနိုင်ငံဒေသအချို့တွင် ငလျင်ငယ်များ လှုပ်ခတ်ခဲ့သည်ကို တွေ့ရပြီး ရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် မိနစ်ပိုင်း၊ နာရီပိုင်းခြား၍ နောက်ဆက်တွဲငလျင်များ လှုပ်ခတ်ခဲ့သည်ကို မိုးလေဝသနှင့် ဇလဗေဒမှထုတ်ပြန်ထားသည်။

နောက်ဆက်တွဲငလျင်လှုပ်ရှားမှု ထုတ်ပြန်ချက်များအရ မတ် ၂၈ ရက် ၁၂ နာရီ ၅၁ မိနစ်ကလှုပ်ခတ်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၁၂မိနစ်တွင် ရစ်ချ်တာစကေး ၇ ဒသမ ၅ ဖြင့် အင်အားပြင်းငလျင်လှုပ်ပြီးနောက်ပိုင်းမှစ၍ မိနစ်ပိုင်း၊ နာရီပိုင်းခြား၍ ငလျင်ငယ်လှုပ်ရှားမှု (၁၃)ကြိမ်ရှိရာ အများဆုံးမှာ ရစ်ချ်တာစကေး ၄ ဒသမ ၉ ရှိခဲ့ကြောင်း၊ မတ် ၂၉ ရက်တွင် ငလျင်ငယ်လှုပ်ရှားမှု (၁၁)ကြိမ်တွင် အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၉ ဖြင့် အများဆုံးလှုပ်ရှားခဲ့ကြောင်း သိရသည်။ မတ် ၃၀ ရက် (၁၀)ကြိမ်လှုပ်ရှားခဲ့မှုတွင် ရစ်ချ်တာစကေး ၅ ဒသမ ၂ ဖြင့် အများဆုံးလှုပ်ရှားခဲ့ကြောင်း သိရသည်။

ထို့အပြင် မတ် ၃၁ရက်တွင် (၁၂)ကြိမ်လှုပ်ရှားခဲ့မှုတွင် ရစ်ချ်တာစကေး ၄ ဒသမ ၀ ဖြင့် အများဆုံးလှုပ်ရှားခဲ့ကြောင်း၊ ဧပြီ ၁ ရက်တွင် ငလျင်ငယ်ခုနစ်ကြိမ်လှုပ်ရှားခဲ့ပြီး ဧပြီ ၂ ရက်တွင် ခုနစ်ကြိမ်နှင့် ဧပြီ ၃ရက်တွင် ငါးကြိမ်လှုပ်ရှားခဲ့ရာ အဆိုပါငလျင်များသည် နောက်ဆက်တွဲ ငလျင်ငယ်များဖြစ်ပြီး အင်အားအများဆုံးမှာ ရစ်ချ်တာစကေး ၅ ဝန်းကျင်သာရှိခဲ့ကြောင်း ငလျင်လှုပ်ရှားမှု မှတ်တမ်းများအရ သိရသည်။

**မြေငလျင်လှုပ်ခတ်ခြင်း**

ငလျင်ဆိုသည်မှာ ကမ္ဘာ့မြေလွှာ နှစ်ခုပွတ်တိုက်မိပြီး ကမ္ဘာ့မျက်နှာပြင် တုန်ခါသွားခြင်းကိုခေါ်ပါသည်။ အဓိကအားဖြင့် ကမ္ဘာကို မြေလွှာကြီး လေးခုနှင့်ဖွဲ့စည်းထားပြီး Inner Core, Outer Core , Mantle , Crust ဖြစ်ပြီး အပြင်ဘက်ဆုံးအလွှာဖြစ်သည့် Crust နှင့် Mantle နှစ်ခုပေါင်း၍ ကမ္ဘာ့မျက်နှာပြင်ပေါ်တွင် အစိတ်အပိုင်းများစွာသော အလွှာပါးပါးဖြင့် ဖုံးအုပ်ဖွဲ့စည်းထားသည်။ ထိုအစိတ်အပိုင်းများက တစ်နေရာတည်းတွင် ငြိမ်မနေဘဲ အမြဲရွေ့လျားနေပြီး တစ်ခုနှင့်တစ်ခုတိုက်မိခြင်း၊ တစ်ခုပေါ်တစ်ခုထပ်မိခြင်းများ ဖြစ်ပေါ်လျက် ရွေ့လျားနှုန်းသည် လွန်စွာနှေးကွေးသောကြောင့် သတိမထားနိုင်ဟု ဆိုပါသည်။

ထိုအစိတ်အပိုင်းများကို Tectonic Plates (မြေလွှာချပ်ကြီးများ)ဟုခေါ်ဆိုပြီး ငလျင်အများစုမှာ Tectonic Plates အစွန်းဧရိယာများတွင် ဖြစ်ပေါ်တတ်၍ ထိုအစွန်းဧရိယာနှစ်ခု ထိတွေ့မိသည့်အခါ ဆက်လက်ရွေ့လျားနိုင်ခြင်းမရှိဘဲ တစ်ခုနှင့်တစ်ခု တွန်းတိုက်ကြသဖြင့် အရွေ့စွမ်းအင်ဖြစ်ပေါ်လာသည်။ မြေလွှာချပ်နှစ်ခု တွန်းတိုက်ရာက ဆက်လက်ရွေ့လျားနိုင်ခြင်းမရှိ၍ ထိုနေရာတစ်ဝိုက်တွင် ပိတ်မိနေတတ်ပြီး အချိန်ကြာလာသည့်အခါ အရွေ့စွမ်းအင်များကို ဆက်လက်သိုလှောင်ထားရန်ပမာဏကြီးမားလာပြီး ဘောပတ်လည်သို့ လှိုင်းအသွင်ပျံ့နှံ့သွားခြင်းဖြင့် ငလျင်ဖြစ်ပေါ်လာသည်။ ငလျင်ဖြစ်ပေါ်စေသည့် မြေလွှာပြတ်ရွေ့ကြောအရွယ်အစားနှင့် ရွေ့လျားသွားမှုအပေါ်မူတည်၍ ငလျင်လှုပ်ခတ်မှုပြင်းအားဖြစ်ပေါ်စေပြီး သက်ရောက်မှုသည် ငလျင်ဗဟိုချက်အတိမ်၊ အနက်ပေါ်တွင်လည်း မူတည်သည် ဟုသိရသည်။

**အတိတ်က ပြည်တွင်းငလျင်များ**

မြန်မာနိုင်ငံ ငလျင်မှတ်တမ်းများအရ ၁၇၆၂ ခုနှစ်၊ ဧပြီ ၂ ရက်တွင် ရခိုင်ငလျင်၊ ၁၈၃၉ ခုနှစ် မတ် ၂၃ ရက်တွင် အင်းဝငလျင်၊ ၁၈၄၃ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် စိုင်ခြုံငလျင်၊ ၁၈၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်တွင် ကျောက်ဖြူငလျင်၊ အမရပူရ၌ ၁၈၅၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နှင့် ဩဂုတ် ၂ ရက်တွင် တစ်ကြိမ်စီ၊ ၁၈၇၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက် နံနက်အစောပိုင်းက မန္တလေး၌ နှစ်ကြိမ် ဆက်တိုက်လှုပ်ခဲ့ပြီး အပျက်အစီးနည်းပါးသည့် ငလျင်၊ ၁၉၁၂ ခုနှစ်၊ မေ ၁၃ ရက်တွင် လှုပ်ခတ်ခဲ့သည့် မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုနှင့် အောက်ဘက် ပဲခူးအထိ ပျံ့နှံ့ခဲ့သည့် ငလျင်၊ ၁၉၁၇ ခုနှစ်၊ ဇူလိုင် ၅ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က ပဲခူးငလျင်၊ ၁၉၂၇ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂နာရီ ၅ မိနစ်တွင် တစ်ကြိမ်၊ ၁၂ နာရီ ၄၇ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၄နာရီ ၂၅မိနစ်တွင် တစ်ကြိမ်၊ စက်တင်ဘာ ၁၇ ရက်၊ နံနက်၂ နာရီ ၂၅မိနစ်တွင် ပြင်းထန် ရန်ကုန်ငလျင်၊ ၁၉၂၉ ခုနှစ်၊ ဩဂုတ် ၈ ရက်က ဆွာငလျင်၊ ၁၉၄၀ ပြည့်နှစ် မေ ၅ ရက် ည ၈ နာရီ ၁၈မိနစ်က ဒုတိယအကြိမ် ပဲခူးငလျင်၊ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်နှင့် ၄ရက်က ဖြူးတွင်လှုပ်ခတ်ခဲ့သည့် ငလျင်တို့ဖြစ်ပြီး ပျက်စီးမှုများရှိခဲ့သည်။ ထိုအချိန်များက ငလျင်လှုပ်ခတ်မှုကို မြန်မာနိုင်ငံ၌ တိုင်းတာနိုင်မှုမရှိခဲ့သဖြင့် ပျက်စီးမှုနှင့် ကျယ်ပြန့်မှုအပေါ် ငလျင်ပြင်းထန်မှုကို သုံးသပ်ခဲ့ကြသည်။

ကမ္ဘာ့ငလျင်ကြော နှစ်ခုအနက် တစ်ခုမှာ မြစ်ကြီးနားမှစ၍ စစ်ကိုင်း၊ ဂန့်ဂေါတောင်တန်းများနှင့် ပဲခူးရိုးမအရှေ့ဘက်ခြမ်းကိုဖြတ်ကာ မုတ္တမပင်လယ်ကွေ့အထိ ကီလိုမီတာ တစ်ထောင်ခန့်ရှည်လျား၍ အပိုင်း(၁)မှာ ပူတာအိုမှ အင်းတော်ကြီး၊ အပိုင်း (၂)မှာ တကောင်းမှ စစ်ကိုင်း၊ အပိုင်း(၃)မှာ သာစည်မှ ပျဉ်းမနား၊ အပိုင်း(၄)မှာ တောင်ငူမှ ပဲခူးနှင့် အပိုင်း (၅)မှာ ပဲခူးမှ မုတ္တမပင်လယ်ကွေ့အထိဖြစ်ပြီး ဘူမိဗေဒပညာရှင်များလေ့လာချက်အရ တစ်နှစ်လျှင် ပျမ်းမျှ ၁၈ ဒသမ ၅ မီလီမီတာခန့် ရွေ့လျားနေကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ၂၀၁၉ အထိ တာဝန်ယူခဲ့သူ ဒေါက်တာမျိုးသန့်က ပြောသည်။

**ငလျင်ဘေးကာကွယ်ရေး**

ငလျင်ဘေးအလေးထားရမည့် ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ပြီး အထူးသဖြင့် လူဦးရေထူထပ်သည့် မြို့တော်ကြီးများတွင် ငလျင်ဘေး လျော့နည်းရေးကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ ကြိုတင်ကာကွယ်ရေးအတွက် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများတည်ဆောက်ရန်၊ ဆူနာမီ (ပင်လယ်ဒီရေလှိုင်း)ကျရောက်တတ်သည့် နေရာများနှင့် မြေသားမခိုင်မာသည့်နေရာများတွင် အဆောက်အအုံဆောက်လုပ်ခြင်းမပြုဘဲ ပြိုကျနိုင်သော အဆောက်အအုံများဖယ်ရှားရန်နှင့် ရှေးဦးသူနာပြုဆေးသေတ္တာများထားရှိရန်ဖြစ်သည်။ ငလျင်လှုပ်နေစဉ်စိတ်ကိုတည်ငြိမ်စွာထားပြီး ပြိုကျနိုင်သော အရာဝတ္ထုများ၊ အဆောက်အအုံများမှ အမြန်ဆုံးရှောင်ရှားရန်၊ အိမ်ထဲတွင်ရှိနေပါက စားပွဲ၊ ခုတင်စသည့် အကာအကွယ်ရနိုင်မည့်နေရာတွင် ပုန်းခိုရန်၊ လမ်းပေါ်ရောက်ရှိနေလျှင် လျှပ်စစ်ကြိုးများ၊ မီးတိုင်များ၊ သစ်ပင်များနှင့် လွတ်ကင်းရာတွင် နေရန်၊ ကားမောင်းနေစဉ်ဖြစ်ပါက ကားရပ်၍ လွတ်ကင်းရာတွင် နေရန်တို့လိုအပ်ပြီး ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်မှာ အင်အားကြီးငလျင်ဖြစ်ပေါ်ပြီး နောက်ဆက်တွဲ လှုပ်ရှားတတ်သဖြင့် နောက်ထပ် ငလျင်မလှုပ်မီ အဆောက်အအုံပြင်ပသို့ အမြန်ဆုံးထွက်ခွာ၍ ကွင်းပြင်အလယ်တွင် နေထိုင်ရန်၊ အချို့သောကမ်းခြေဒေသများတွင် ငလျင်လှုပ်ပြီးနောက် ပင်လယ်ဒီရေလှိုင်းများ တက်လာခြင်း၊ ဆည်ကျိုးခြင်း၊ ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းတို့ဖြစ်တတ်သဖြင့်အမြင့်ပိုင်းသို့ရွှေ့ပြောင်းရန်၊ ဒဏ်ရာရသူများ၊ ပိတ်မိနေသူများကို ကူညီရန်တို့လိုအပ်ကြောင်း သိရသည်။

မည်သို့ဆိုစေ သဘာဝဘေးအန္တရာယ်များအနက် ငလျင်ဘေးသည် ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသောကြောင့် ကောလာဟာလသတင်းများနှင့် စိုးရိမ်မနေသင့်ဘဲ ကာကွယ်ရန်နည်းလမ်းများကို သိရှိနားလည်ထားရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည် ဖြစ်ပါတော့သည်။



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**နတ်မောက် ဇွန် ၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဝင်းမေထွန်း(စာထောက်-၃) ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းအရင်းများ၊ကလေးများအား ကလေးအလုပ်သမားအဖြစ်ခိုင်းစေမှု၊ ကလေးများကို အန္တရာယ်ရှိစေနိုင်သည့် အလုပ်၊ ပြင်းထန်ပြီး ထိခိုက်ဒဏ်ရာရစေသည့်အလုပ်၊ ဖိစီးမှုများသည့်အလုပ်၊ ပင်ပန်းကြီးစွာလုပ်ရသော အလုပ်များကို ခိုင်းစေမှု မပြုရကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမားလျော့နည်းစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများစသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**လှဝင်း**

# သရက်မြို့၌ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် ဇွန် ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုရားကြီးမဏ္ဍာပ်ရုံတွင် မြို့ပေါ် (၈)ရပ်ကွက်မှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ် ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လမှာ (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ)အကြိမ်နှင့် အသက်တစ်နှစ်(ခွဲ)မှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်)ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) စော်ထက်(သရက်)**






ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေပြည်တော်

## ကောင်းမှုတွေသာ ဆောင်ရွက်ပါ

\- - - - - - - - - - - - - -

* မေတ္တာတရား အတူယှဉ်ကာ
ဖြူစင်ပါ နှလုံးသား
လူတိုင်းအပေါ် စာနာစိတ်ကို
ပြည့်သိပ်စေသား ။

* အနာဂတ်လူတို့ ဘောင်အား
သာယာအောင် ဖန်တီးပေး
အတ္တဖယ် ပရအကျိုးကို
သယ်ပိုးစေလေး ။

* ကောင်းမှုတွေ ဆင်မြန်းပေး
မကောင်းမှုတွေ ဖယ်ခွာ
ရှင်လန်းမပျက် ဘဝမှာ
ကောင်းကျိုးတွေသာ ။

* မြင့်မြတ်သော စိတ်အကြံအစည်ဟာ
အမိတ္တာန်တည် လျှောက်လှမ်းရင်း
လူ့ဘဝမှာ အခြေမြင့်လို့
ဂုဏ်တင့်စေမင်း ။ ။

**မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)**

# မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျားနှင့် နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ မရှိသေးဟု ဆို

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးတွင် ဇွန် ၆ ရက်မှ ၁၁ ရက်အတွင်း နေရာကွက်ကျားနှင့် နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး ဇွန် ၃ ရက်ညပိုင်း ခန့်မှန်းချက်များအရ မုန်တိုင်းဖြစ်ပေါ်မှု အခြေအနေမတွေ့ရသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။



"ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်ဘက်က လေနွေးများ၊ လေအေးများနဲ့ တရုတ်ပြည် ပြည်မကြီးဘက်ကလာတဲ့ လေဖိအားကြီးရပ်ဝန်းဒေသကရွေ့လျားလာတဲ့ လေအေးတွေ ဆုံတွေ့ပြီး မိုးတိမ်တောင်များဖြစ်ထွန်းကာ မိုးရွာသွန်းနိုင်သည်"ဟု ဆိုသည်။

"အရှေ့ဘက်ကလာတဲ့ လေဖွေလှိုင်းတွေကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ဇွန် ၆ ရက်ကနေ ၁၁ ရက်အတွင်းမှာ နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်ပါတယ်။ ပြီးခဲ့တဲ့ ၄ ရက်လောက်က ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေစုဖွဲ့မှုတွေက ဒီနေ့ညနေပိုင်းမှာ အောက်ပိုင်းဒေသတွေက အားကောင်းလာတာတွေ့ရပြီး မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေအထိ အားမကောင်းဘူး"ဟု ၎င်းကပြောသည်။

ဘင်္ဂလားပင်လယ်အော်ဘက်မှာ ထူးခြားတဲ့ တိမ်စုဖွဲ့မှုများသည် ယခင်ရက်များထက် ပိုမိုများပြားလာပြီး လာမည့်ရက်များမှစ၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးရွာသွန်းနိုင်တဲ့အခြေအနေရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးတွင်လည်း ဇွန် ၆ ရက်မှစပြီး မိုးရွာနိုင်ကြောင်း၊ လေဖိအားနည်းရပ်ဝန်း အားကောင်းလာမှု ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်ပြီး လက်ရှိအနေအထားတွင် မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ မတွေ့ရသေးကြောင်း သိရသည်။

လေတိုက်ခြင်းနှင့်ပတ်သက်၍ ဇွန်လတွင် သင်္ကြန်ရက်မတိုင်မီနှင့် သင်္ကြန်ပြီးကာလများ၌ မန္တလေးမြို့တွင် လေပြင်းတိုက်ခတ်မှုများရှိနိုင်ပြီး လေပြင်းတိုက်ခတ်ပါကလည်း တစ်နာရီ ၃၅ မိုင်ဝန်းကျင်ခန့်ရှိနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**

# ငလျင်ဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်

**ဟိုပုံး ဧပြီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ အင်းလေးဒေသရှိ ငလျင်ဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က အဆိုပါနေရာများ၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒေါ်သင်းလှဲ့ရည်နှင့် တပ်ဖွဲ့ဝင်များက ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ အလှူငွေများဖြင့် အင်းလေးဒေသအတွင်းရှိ ဇရပ်ကြီးကျေးရွာ၊ ကေလာကျေးရွာ၊ စိတ္တကျေးရွာနှင့် ဟဲရွာ၊ ရွာမ ကျေးရွာတို့ရှိ ငလျင်ဘေးသင့်ပြည်သူများအား ဆန်အိတ် ၅၀ အိတ်၊ ဆီ ၁၀ ပိဿာပုံးခြောက်ပုံး၊ ဆီ ၅၀ သားဘူး ၃၀၊ မာမီးခေါက်ဆွဲခြောက် ၃၆ ဖာ၊ ငါးသေတ္တာ ၃၀ ကပ်၊ ရေသန့်ဘူး ၆၀ ကပ်၊ ဆပ်ပြာမှုန့် လေးအိတ်၊ ဆားအိတ်ကြီး နှစ်အိတ်၊ လက်ဖက်ထုပ်တစ်ဖာ၊ လက်ဆွဲစောင် အထည် ၃၀၊ ခြင်ထောင် ၃၀ လုံး၊ မျက်နှာသုတ်ပဝါ ၃၀ ထည်နှင့် ကြက်သွန်နီ၊ ဟင်းသီးဟင်းရွက်၊ ဆေးမျိုးစုံ၊ ကုန်ခြောက်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် ဇရပ်ကြီးကျေးရွာအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ကေလာကျေးရွာအတွက် အလှူငွေကျပ် ၁၀ သိန်း၊ စိတ္တကျေးရွာအတွက် အလှူငွေကျပ်ငါးသိန်း၊ ဟဲရွာ၊ ရွာမအတွက် အလှူငွေကျပ်ငါးသောင်းနှင့် ဟိုပုံးမြို့နယ်ရှိ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေကျပ် ၁၁၂၇၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ဇရပ်ကြီးကျေးရွာ၊ ကေလာကျေးရွာ၊ စိတ္တကျေးရွာနှင့် ဟဲရွာ၊ ရွာမကျေးရွာတို့ရှိ ငလျင်ဘေးသင့်ပြည်သူများအား သန့်ရှင်းသောရေ၊ ညစ်ညမ်းသောရေ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ လက်ဆေးဆပ်ပြာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ပအိုဝ်းဒေသ(ပြန်/ဆက်)**





# အခြေခံပန်းချီဆွဲနည်းသင်တန်း ဆက်လက်သင်ကြား ပို့ချ

**ညောင်ဦး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီဆွဲနည်းသင်တန်း ဆက်လက် သင်ကြားပို့ချလျက်ရှိရာ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူကလေးငယ်များသည် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိသည်။

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် နွေရာသီကျောင်းပိတ်ရက် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အလေ့ကျင့်ကောင်းများ ရရှိစေရေး၊ အနုပညာမြတ်နိုးတတ်စေရေးနှင့် အနာဂတ် နိုင်ငံ့သားကောင်းရတနာလေးများ ဖြစ်လာစေရန် နှစ်စဉ်နှစ်တိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ သင်တန်းအမျိုးမျိုး ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အခြေခံစစ်တုရင်သင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ အခြေခံစစ်တုရင်သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး စစ်တုရင် လက်ရွေး ဦးမင်းခိုင်ဦး ဦးဆောင်၍ ညောင်ဦးမြို့နယ် စစ်တုရင်ဆပ်ကော်မတီအဖွဲ့ဝင်များက သင်ကြားပေးနေပြီး၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် ဦးဆန်းအောင်က ဦးဆောင်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းအား နေ့စဉ်ပို့ချသင်ကြားလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ စိတ်ဝင်တစားသင်ကြားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၄စ၁)**

# မိုဘိုင်းဖုန်းအရောင်းဆိုင်များအား သတ်မှတ်လုပ်ငန်းလိုင်စင် စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်ခြင်း ရှိ ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ယမန်နေ့ ၂ ရက်က မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များအား သတ်မှတ်လုပ်ငန်းလိုင်စင်စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်ခြင်း ရှိ၊ မရှိနှင့် တရားမဝင် ဖုန်းဆင်းကတ်များ ရောင်းချခြင်း ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်၏ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များသို့သွားရောက်၍ လုပ်ငန်းရှင်နှင့် အရောင်းဝန်ထမ်းများကို တွေ့ဆုံကာ မိုဘိုင်းဖုန်းနှင့်ဆက်စပ်အပိုပစ္စည်းများ ရောင်းချရာ၌ သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်စည်းကမ်းချက်များအတိုင်း စနစ်တကျ ရောင်းဝယ်ကြရန်၊ တရားမဝင်သောနည်းလမ်းဖြင့် ဖုန်းဆင်းကတ်များကို ရောင်းချခြင်း မပြုရန်နှင့် ရောင်းချခြင်းအားတွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင် ဖုန်းနှင့်ဆက်စပ်အပိုပစ္စည်းများ ရောင်းချရာတွင် လုပ်ငန်းလိုင်စင်မရှိဘဲ ရောင်းချခြင်း ရှိ၊ မရှိ၊ ဖုန်းဆင်းကတ်များကို စနစ်တကျ စာချုပ်မှတ်ပုံတင်ဖြင့် ရောင်းချပေးခြင်း ရှိ၊ မရှိနှင့် တရားမဝင်နည်းလမ်းအသုံးပြု၍ ရောင်းချခြင်း ရှိ၊ မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်း ဖုန်းဆင်းကတ်များကို တရားမဝင် ရောင်းချမှုများ တားဆီးကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၄၅)**






# မြင်းခြံမြို့အတွင်းရှိ ရပ်ကွက်များ၌ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိ

**မြင်းခြံ ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့အတွင်းရှိ ရပ်ကွက်များ၌ သောက်သုံးရေအခက်အခဲဖြစ်နေသော ပြည်သူများအား ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

"မြင်းခြံမြို့အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ အတွင်းရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသည့် ပြည်သူများအား မတ် ၃၁ ရက်မှစတင်၍ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်များဖြင့် လိုက်လံလှူဒါန်းပေးလျက်ရှိပါတယ်။ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ကြောင်း ဖုန်းဆက်အကူအညီတောင်းခံလာပါက အချိန်နဲ့တစ်ပြေးညီ သွားရောက်လှူဒါန်းပေးလျက်ရှိပါတယ်"ဟု ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သက်လှိုင်ထံမှ သိရသည်။ **(၃၆၆)**

ရေနုတ်မြောင်းများသည် အမှိုက်ပစ်ရန် နေရာမဟုတ်ပါ။

# သတိပြုဖွယ် သတင်းနယ်ပယ်(၂၁)

"ဗမာ့သမိုင်းကို ပြန်ရေးဖို့ ကြိုးစားတဲ့အခါ ခေတ်သစ်ဘက်ကို ရောက်လာတော့ သတင်းစာကိုလည်း အားကိုးရပါတယ်။ သတင်းစာထဲက သမိုင်းအထောက်အထားယူရပါတယ်။ သတင်းစာဟာ ခေတ်ကြေးမုံလို့ဆိုရင်လည်း ရပါတယ်။ သတင်းစာထဲက နိုင်ငံအုပ်ချုပ်ပုံနှင့် ပတ်သက်လို့ အစိုးရသဘောထား၊ ပြည်သူ့ဆန္ဒ လက်ငင်းပြဿနာနဲ့ ဖြေရှင်းနည်းဆိုတာ တွေ့မယ်။ ပြီးတော့ လူမှုစီးပွားရေး အတိုးအဆုတ်ကိုလည်း အကဲခတ်လို့ ရမယ်။ ယဉ်ကျေးမှုအနုပညာရဲ့ အခြေအနေကိုလည်း ခန့်မှန်းနိုင်တယ်"လို့ မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းက ၁၉၆၉ ခုနှစ်က ပြောခဲ့သော မှတ်တမ်းရှိခဲ့သည်။

သတင်းစာ ပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် ကမ္ဘာပေါ်မှာ နိုင်ငံရေးကို လေ့လာလိုလျှင်သော်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး မည်သည့်အကြောင်းကို လေ့လာလိုသည်ဖြစ်စေ၊ သမိုင်းဆရာများ၊ သမိုင်းပြုစုကြသည်ဖြစ်စေ သတင်းစာကို လက်လွတ်၍ မရတော့။ သတင်းစာကို လက်ကိုင်ထား၊ စံပြုကြရသည်သာဖြစ်သည်။ ထိုခေတ်က နိုင်ငံရေးတွင် မည်သို့ဖြစ်ပျက်ခဲ့သည်။ ထိုခေတ်က နိုင်ငံရေးအကျပ်အတည်းများ မည်သို့ကြုံခဲ့သည်။ ထိုကြုံတွေ့ခဲ့ရသော နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအခက်အခဲ၊ လူမှုရေး ပဋိပက္ခများကို ထိုခေတ်အစိုးရက မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းသွားသည်။ မည်သည့်နည်းဖြင့် ဆောင်ရွက်သွားသည်ကို ထိုခေတ်သတင်းစာများတွင်သာ စုံလင်စွာ မြင်တွေ့ရသည်။ ထို့ကြောင့် "သတင်းစာ ဟူသည်" ဖျောက်ဖျက်၍မရသော သမိုင်းစာ၊ "သတင်းစာတိုင်း ခေတ်သမိုင်း"ဟု ဆိုခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာဆရာတိုင်းကို သမိုင်းဆရာဟုလည်း ခေါ်ဆို၍ရသည်။ သတင်းစာဆရာတို့သည် နေ့စဉ် သမိုင်းကို ရေးသော သမိုင်းဆရာများပင်ဖြစ်သည်။ ယနေ့သတင်းစာသည် မနက်ဖြန်တွင် သမိုင်းဖြစ်သွားသည်။ သတင်းစာပညာကို တတ်ကျွမ်းကြသော သတင်းစာပညာရှင်များလည်း ရှိ၊ သတင်းစာ ထုတ်ဝေနိုင်လောက်အောင် ငွေကြေးနောက်ခံလည်း ရှိမှသာ သတင်းစာကို ထုတ်ဝေနိုင်သည်။

ပုဂ္ဂလိကနှင့် အစိုးရသတင်းစာများသည် အနည်းငယ် ကွာခြားမှုရှိသည်။ ပုဂ္ဂလိကသတင်းစာများမှာ စာဖတ်သူများမှ လူကြိုက်များမှသာ ရပ်တည်နိုင်သည်ဖြစ်၍ လူကြိုက်များမည့် သတင်းများကို မရမက ရှာဖွေ၍ ထုတ်ဝေရသည်။ ရေရှည်တွင် လူပြိန်းကြိုက်သည့် သတင်းများဖြင့် ထုတ်ဝေရင်း မနိုင်မနင်းဖြင့် အရည်အသွေးလျော့ကျလာတတ်သည်။ နိုင်ငံတော်က စာနယ်ဇင်းများအပါအဝင် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတစ်ရပ်လုံးသည် နိုင်ငံ၏ တရားဥပဒေနယ်နိမိတ်အတွင်းမှ တရားသဖြင့် ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို သုံးစွဲ၍ ဆောင်ရွက်လုပ်ကိုင်ရခြင်းဖြစ်သည်။ ထို့ကြောင့် မည်သည့်နိုင်ငံတွင်မဆို ပုံနှိပ်ထုတ်ဝေသူတို့အား ဆိုင်ရာအစိုးရက ဥပဒေ၊ စည်းကမ်းများဖြင့် မူဘောင်သတ်မှတ်လုပ်ကိုင်ခွင့်ပြုထားသည်။ ဥပဒေ၊ စည်းကမ်းများအပြင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာနှင့် စည်ပင်ဝပြောမှုကို ရှေးရှု၍ လမ်းညွှန်များ၊ ကျင့်ဝတ်များသဖွယ်ဖြစ်သော ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ပေးသည်။ ထိုအချက်များကို လိုက်နာပြီး ထုတ်ဝေမှသာလျှင် တည်ငြိမ်သော သတင်းစာ၊ စာနယ်ဇင်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**မည်သည့်စာနယ်ဇင်း၊ သတင်းစာကိုမဆို လွှမ်းမိုးထားသော အချက်ကြီးသုံးချက်ရှိသည်။**

**(၁) စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်းအပေါ် ခံယူချက်၊ သဘောထား၊ ဦးတည်ချက်**

**(၂) ပုံနှိပ်ထုတ်ဝေရေး၏ ကုန်ကြမ်းပစ္စည်းများ (စက္ကူနှင့် မင်၊ စက်ကိရိယာများ)**

**(၃) လုပ်ငန်းနည်းပညာရှင်(စာနယ်ဇင်း အသိပညာ၊ အတတ်ပညာရှင်နှင့် လုပ်ငန်းနှင့်ဆက်စပ်သော စက်ကိရိယာ အတတ်ပညာများ ကျွမ်းကျင်သူ)တို့ ဖြစ်သည်။**

စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်းအပေါ် ခံယူချက်၊ သဘောထားဦးတည်ချက်ဟု ဆိုရာတွင် နိုင်ငံတော်၏လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာမှုနှင့် ကြုံသလို ချိုးဖောက်တတ်ကြသူနှင့်လည်း သက်ဆိုင်သည်။ ပုဂ္ဂလိကသတင်းစာတွင် ထုတ်ဝေသူ သူဌေး၊ နိုင်ငံပိုင်သတင်းစာတွင် ထိန်းကျောင်းဦးစီးသူ၊ တာဝန်ရှိသူများနှင့် အဓိက သက်ဆိုင်ပေသည်။ ထိုသူများ၏ လိုရာဆွဲခေါ်ထိန်းကျောင်းမှု၊ ဆောင်ရွက်မှုများသည် ထိုစာနယ်ဇင်း၊ သတင်းစာ၏ မူဝါဒသဖွယ်၊ လမ်းညွှန်သဖွယ်ဖြစ်လာသောကြောင့် ဖြစ်သည်။ ပုဂ္ဂလိက သတင်းစာများတွင် ထုတ်ဝေသူပိုင်ရှင် ကျေနပ်လျှင်ပြီးသော်လည်း နိုင်ငံပိုင် သတင်းစာများတွင်မူ ထိုသို့မဟုတ်။ **နိုင်ငံတော်၏ လမ်းညွှန်ချက်၊ မူဝါဒ၊ ရည်ရွယ်ချက်တို့မှ သွေဖည်သွားအောင် ဆောင်ရွက်ခြင်း၊ ဖော်ပြခြင်းတို့သည် ပြစ်မှုကြီးမားလှသည်သာဖြစ်သည်။ နိုင်ငံတော်၏ စည်းရုံးလှုံ့ဆော်၊ ပညာပေးထုတ်ပြန်လိုသည့် အချက်အချို့ကို မသိမသာသော်လည်းကောင်း၊ သိသိသာသာသော် လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ အများပြည်သူသိသင့်သည်များ၊ စည်းရုံးဖော်ပြပေးသင့်သည်များကို ထိန်ချန်ခြင်း၊ ဖြတ်တောက်ခြင်းတို့သည်လည်း မလျော်သော အပြုအမူနှင့် အဖျက်သဘောဆန်သည်ဟု ရှုမြင်ရမည်ဖြစ်သည်။** နိုင်ငံပိုင်သတင်းစာများတွင် တာဝန်ထမ်းဆောင်နေသော ပညာရှင်များ၊ ဝန်ထမ်းများသည် မည်သည့်အစိုးရတက်တက် မိမိလုပ်ဆောင်ရမည့်တာဝန်ကို မယိမ်းမယိုင် ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ ဝန်ထမ်းဖြစ်သည့်အတွက် အစိုးရ၏ လုပ်ငန်းဆိုင်ရာများ ပုံမှန်လည်ပတ်ရန် တာဝန်ရှိသည်သာဖြစ်သည်။ သတင်းစာသမားဖြစ်၍ မတော်မတည့်သည်ကိုတွေ့က သတိပေးတင်ပြရမည့်တာဝန်လည်း ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ မည်သည့်သတင်းစာကို ကြည့်လျှင်ဖြစ်စေ စာဖတ်သူက သတင်းစာ၏အရွေ့ကို မြင်ကြသည်သာဖြစ်သည်။

ကုန်ကြမ်းပစ္စည်းဟု ဆိုရာတွင်လည်း ထိုအခက်အခဲသည် ဘတ်ဂျက်ပေါ် မူတည်သည်ဖြစ်၍ ပုဂ္ဂလိကတွင် ခက်ခဲသော်လည်း နိုင်ငံပိုင်သတင်းစာများမှာ တည်ငြိမ်စွာ ရပ်တည်နိုင်သည်ဖြစ်သည်။ လုပ်ငန်းနည်းပညာရှင်ဟူရာတွင် သတင်းစာပညာကို တတ်ကျွမ်း၊ စာပေပညာကို လိုက်စားနားလည်သူများ လိုအပ်သည်မှာ သဘာဝပင်ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာတွင် သတင်းစာပညာ၊ စာပေပညာ တတ်ကျွမ်းလိုက်စားနားလည်ရုံသာမက နိုင်ငံ့ဝန်ထမ်း၏သစ္စာကို စောင့်သိနားလည်ရန် လိုအပ်သေးသည်။ နိုင်ငံ့ဝန်ထမ်း၏သစ္စာကို စောင့်သိနားလည်သူ မဟုတ်ကလည်း သတင်းစာကို အကျိုးမပြုသည့်အပြင် မြွေပွေးခါးပိုက် ပိုက်ထားသကဲ့သို့ ဖြစ်တတ်သည်။ ကျန်သော စက်ကိရိယာပညာရှင်များ၊ ကွန်ပျူတာနှင့်ဆိုင်သော ပညာရှင်များလည်း ထို့အတူပင်ဖြစ်သည်။

သတင်းစာတိုက်သို့ အလုပ်ဝင်စက အခြေအနေကို သတိရမိသည်။ အင်တာဗျူးဝင်ရာတွင် မိမိလုပ်လိုသည့်နေရာ(အယ်ဒီတာ၊ စာပြင်၊ သတင်းထောက်)အား မေးပြီးမှ ဆိုင်ရာကို မေးသည်။ အယ်ဒီတာလုပ်ရန် လာသည်ဟုဆို၍ စာပေရေးရာအတွေ့အကြုံများကို မေးသည်။ သတင်းဆိုင်ရာအတွေ့အကြုံများကိုလည်းမေးပြီး လတ်တလော သတင်းထောက်ဌာနတွင် လိုအပ်နေ၍ သတင်းထောက်လုပ်ရန် ပြောသော်လည်း အယ်ဒီတာသာ ရွေးချယ်ခဲ့သည်။ ဝန်ထမ်းအတွေ့အကြုံရှိခဲ့ပြီဖြစ်၍ ဝန်ထမ်းတစ်ဦး၏ ခံယူချက်ကိုလည်း စေ့စပ်စွာ မေးသည်။ လိုအပ်ပါက သတင်းထောက်အဖွဲ့ထံ အကူအညီပေးရမည်ဟုလည်း ကတိပေးခဲ့ရသည်။ အင်တာဗျူးခန်းထဲတွင်ပင် ဖော်ပြသင့်၊ ဖော်ပြအပ်၊ ဖော်ပြရမည့်သတင်းတို့နှင့် ယှဉ်လာပါက သတင်းစာတစ်စောင်လုံးရှိ လိုဂိုမှအပ မည်သည့်ကဏ္ဍကို မဆို၊ သတင်းကို မဆို၊ ကြော်ငြာအပါအဝင် ဖြုတ်ချပိုင်ခွင့်ပေးကြောင်း၊ နိုင်ငံပိုင်သတင်းစာဟူသည် နိုင်ငံတော်၏ မူဝါဒတို့ကို ဖြန့်ချိရန်သာမက အများပြည်သူအကျိုးကို ငဲ့ကွက်သောကြောင့် အယ်ဒီတာများပေါ်တွင် တာဝန်ရှိကြောင်း၊ စည်ပင်သာယာနှင့် ဆက်စပ်သည့်ကိစ္စရပ်များ၊ မြို့နေလူထုသိရန်လည်း စဉ်ဆက်မပြတ်ဖော်ပြပေးရမည်ဖြစ်ကြောင်း၊ လိုအပ်သောသတင်းနှင့် ဆောင်းပါးများကို ရေးသားခွင့်ရှိကြောင်းပြော၍ အင်တာဗျူးဖြေဆိုခန်းအတွင်း၌ပင် တာဝန်ပေးအပ်ခဲ့သည်။ အလွန်တရာ ကျေနပ်ပီတိဖြစ်စွာဖြင့် အလုပ်ခွင်ဝင်ခဲ့ရသည်။ (ထိုအခြေအနေနှင့်မတူ ဖြစ်ခဲ့ရသည့်အဖြစ်အပျက်များအားလည်း သတင်းစာဆရာဘဝ နှစ် ၃၀ ခရီးစာအုပ်တွင် အပြည့်အစုံဖော်ပြမည်ဖြစ်သည်။) သတင်းစာလောကတွင် ခေတ်အမျိုးမျိုး၊ ပေါ်လစီအမျိုးမျိုး၊ လူအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ အလုပ်စဝင်စဉ်ကတည်းက တိကျသော လမ်းညွှန်မှု၊ ပြတ်သားသော အမိန့်၊ ခိုင်မာသော လုပ်ပိုင်ခွင့်ဖြင့် လုပ်ကိုင်ရသဖြင့် ပင်ပန်းဆင်းရဲသော်လည်း လုပ်ငန်းခွင်တွင် ပျော်ရွှင်ခဲ့သည်။

**မန္တလေးနေ့စဉ်သတင်းစာ စဦးပိုင်းက နိုင်ငံတော်ဝန်ကြီးချုပ်က တိုက်ရိုက်ကိုင်တွယ်ခဲ့သည်။ တပ်မတော်အစိုးရနောက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်တို့၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ သတင်းစာ စဦးပိုင်းက သတင်းစာငယ်လေးဖြစ်သော်လည်း နိုင်ငံတော်သတင်းစာကြီးများကဲ့သို့ အလေးအနက်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်ခဲ့ကြသည်။ သတင်းစာကို တာဝန်ခံသော ကော်မတီဝင်၊ ဌာနမှူးတို့ကလည်း အယ်ဒီတာက တာဝန်ခံ၍ လုပ်ကိုင်သမျှအား တာဝန်ယူ၊ တာဝန်ခံပေးခဲ့ကြသည်။** ပြင်ပမှ အယ်ဒီတာအဖွဲ့အား တိုက်ရိုက်ဝေဖန်လာလျှင်လည်း အယ်ဒီတာအဖွဲ့ဘက်မှ အပြည့်အဝ တာဝန်ယူကာကွယ်ပေးခဲ့သည့် သာဓကများလည်း များစွာရှိခဲ့သည်။ ကော်မတီဝင်(၅)ဦးစန်းမောင်သည် တွဲဖက်အတွင်းရေးမှူး တာဝန် (အငြိမ်းစား)ယူသည်အထိ သတင်းစာတိုက်ကို ကာလကြာမြင့်စွာ တာဝန်ယူခဲ့သူဖြစ်သည်။ တာဝန်ထမ်းဆောင်ရင်း ကိုယ်အင်္ဂါအစိတ်အပိုင်းကို နိုင်ငံတော်အား ပေးလှူခဲ့သူတစ်ဦးလည်းဖြစ်သည်။ တပ်မတော်သားတစ်ဦးဖြစ်သည်နှင့်အညီ စကားပြောမာကြော ပြတ်သားသည်။ စိတ်သဘောရင်းကောင်းမွန်သူတစ်ဦးဖြစ်သည်။ ယာယီအယ်ဒီတာဘဝက သတင်းကို ငဲ့ကွက်၍ ကြော်ငြာများ ဖြုတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဖြေရှင်းရာတွင်လည်း "သတင်းစာမှာ သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကြော်ငြာမှာ ဒီနေ့ပါမယ်လို့ ဘယ်တုန်းကမှ အာမခံလို့ မရဘူး၊ အကြောင်းထူးမရှိလျှင် ပါမည်ပဲရှိတယ်"ဟု ဆိုကာ အယ်ဒီတာဘက်မှ တိတိကျကျကာကွယ်ပေးခဲ့သည်။ စာရေးဆရာအချို့၏ တိုင်ကြားချက်နှင့်ပတ်သက်၍လည်း ကိုယ်တိုင်သေချာစွာ စုံစမ်းမေးမြန်းပြီး အယ်ဒီတာလုပ်ပိုင်ခွင့်နှင့်သင့်တော်အောင် စီမံမှုကို အလေးထားပေးခဲ့သည်။ ထိုကာလများက ပြင်ပမှ အမြင်မတူသူအချို့၏ ဝေဖန်မှု၊ တိုင်ကြားမှု၊ ခလောက်ဆန်မှုတို့အား အယ်ဒီတာဘက်မှ ရပ်တည်၍ ပေးခဲ့သည့် သာဓကများအားလည်း အလျှဉ်းသင့်က ဆက်လက်ဖော်ပြမည်ဖြစ်သည်။ အယ်ဒီတာအဖွဲ့၏ အလုပ်စွမ်းရည်အတွက် အမြဲတစေ မီးထိုးတွန်းအားပေးနေတတ်သူလည်းဖြစ်သည်။ အယ်ဒီတာမှားယွင်းက အပြင်းအထန်ပြောဆိုတတ်ပြီး နောင်မဖြစ်ရန် ပြော၏။ ပြီးလျှင် အယ်ဒီတာများ စိတ်မညစ်ရန် (ခေါက်ဆွဲကြော်၊ ပုဆိုး)တို့ဖြင့်လည်း ချော့တတ်၏။ လျှော့သင့်သည်ကို လျှော့၊ တင်းသင့်သည်ကို တင်းဖြင့် အယ်ဒီတာအဖွဲ့၏ စွမ်းရည်ကို ထိန်းတတ်သည်။

လုံ့လ၊ ဝီရိယနှင့် ပတ်သက်လျှင်လည်း စံပြဖြစ်အောင်နေသည်။ စောင်ရေတိုးရန် ဈေးကွက်ဆင်းရာတွင်လည်း ကိုယ်တိုင်လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များထဲသွား၍ သတင်းစာရောင်းအားတက်ရန် ဆောင်ရွက်ခဲ့သည်။ သတင်းစာတိုက်သို့ အကြောင်းကိစ္စဖြင့် ဖုန်းဆက်လျှင် အယ်ဒီတာကိုင်မှ ကြိုက်သည်။ အယ်ဒီတာကိုသာ တိုက်ရိုက်ညွှန်ကြားလေ့ရှိသည်။ အယ်ဒီတာက ဖုန်းဆက်လျှင်လည်း ည ၁ နာရီ၊ ၂ နာရီ၊ သန်းခေါင်စသည်ဖြင့် မည်သည့်အချိန်ဆက်ဆက် ဖုန်းသံမြည်သည်နှင့် ချက်ချင်းကိုင်ပြီးဖြစ်သည်။ ထို့သို့ ဖုန်းခေါ်တိုင်း အမြဲအသင့်ဖြစ်နေသူမျိုး ကျွန်တော့်တစ်သက်တာတွင် ဤတစ်ကြိမ်သာ တွေ့ဖူးခြင်းဖြစ်သည်။ နံနက် ၄ နာရီတွင် စာဖောင်အတည်ပြုရန်အတွက် အချိန်တိကျမှ ကြိုက်သည်။ စာဖောင်အတည်ပြုရန် လာမည်ဟု ဖုန်းဆက်ပြီးသွားလျှင် အမြဲအိမ်ဝင်းတံခါး၊ ခြံတံခါးဖွင့်၍ အဆင်သင့်စောင့်နေသည်ချည်းဖြစ်၏။ မိနစ်အနည်းငယ်နောက်ကျလျှင် လမ်းပေါ်အထိ စောင့်နေတတ်သည်။ တစ်ခါက ညနေစာဖောင်အတည်ပြုချိန် အပြင်မှပြန်လာသည်နှင့် ဆုံရာ ကားပေါ်မှအဆင်း အစ်မလက်ထဲတွင် မနိုင်မနင်းပါလာသော အထုပ်များကို ကူညီချပေးခဲ့မိသည်။ "ငါ့အယ်ဒီတာတွေ မင်းအထုပ်ဆွဲခိုင်းဖို့ မဟုတ်ဘူးကွ"ဟု အသံမာမာဖြင့် ပြောသည်။ အစ်မကို အားနာလှသည်။

အလုပ်တွင် ဝီရိယစိုက်လွန်းသော လူကြီးနှင့်တွဲရ၍ မိမိတို့လည်း ပို၍ပို၍ ဂရုစိုက်ရသည်။ ဝီရိယထားရသည်။ သတင်းစာဆရာသက် ၁၅ နှစ်ခန့်တွင် စာကြည့်တိုက်နှင့်သုတပညာ ဘွဲ့လွန်ဒီပလိုမာ (၆ နှစ်အချိန်ပေးခဲ့ရ)စာတမ်းကို အနော်မာမဂ္ဂဇင်း ဖတ်ညွှန်းစာတမ်းဖြင့် ဘွဲ့ယူခဲ့သည်။ စာကြည့်တိုက်အခြေခံသင်တန်းမှစ၍ ကျောင်းစရိတ်အားလုံးစိုက်ပေးမည်၊ လာထုတ်ပါ ပြောသော်လည်း မထုတ်ဖြစ်ခဲ့။ အယ်ဒီတာစွမ်းရည်မြင့်ရေး အားပေးသူ၊ ကိုယ်တိုင်ဝီရိယရှိသူနှင့် အလုပ်တွဲလုပ်ရ၍ အဆင်ပြေသော၊ လုပ်ပျော်သော၊ နိုင်ငံတော်မူဝါဒနှင့်ညီသော သတင်းစာဖြစ်အောင် အပင်ပန်းခံ ကြိုးစားခဲ့ရကျိုးနပ်ခဲ့သည်ဟု ဆိုရပေမည်။

နိုင်ဗလ

## အယ်လာမာ ၄စကောက်နှင့် အယ်လာမာ ၄မားဗရစ်တို့ကို မက်တာပလက်ဖောင်းများက မိတ်ဆက်ပြသ




**ဝါရှင်တန် မေ ၆**

အမေရိကန်အခြေစိုက် မက်တာပလက်ဖောင်းများသည် ကြီးမားသော ဘာသာစကားမော်ဒယ် အမျိုးအစားဖြစ်သည့် အယ်လာမာ၏ နောက်ဆုံးဗားရှင်းဖြစ်သည့် အယ်လာမာ ၄စကောက်နှင့် အယ်လာမာ ၄ မားဗရစ်တို့ကို မေ ၅ ရက်က မိတ်ဆက်ပြသခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အယ်လာမာသည် စွယ်စုံသုံးဉာဏ်ရည်တုစနစ်တစ်ခုဖြစ်ကြောင်း မက်တာက အတည်ပြုသည်။ ထိုစနစ်သည် စာသား၊ ဗီဒီယို၊ ရုပ်ပုံနှင့် အသံအပါအဝင် အချက်အလက်အမျိုးမျိုးကို ပြုပြင်ပေါင်းစပ်နိုင်ပြီး ယင်းပုံစံများကြားတွင် အကြောင်းအရာများကို ပြောင်းလဲပေးနိုင်မည်ဟု ဆိုသည်။

အယ်လာမာ ၄ စကောက်နှင့် အယ်လာမာ ၄မားဗရစ်တို့သည် ၎င်း၏ "လက်ရှိအချိန်ထိ အဆင့်မြင့်ဆုံးမော်ဒယ်များ" ဖြစ်ပြီး စွယ်စုံသုံးဉာဏ်ရည်တုစနစ်ပိုင်းတွင် အမျိုးအစားတူထဲ၌ အကောင်းဆုံးဖြစ်ကြောင်း မက်တာ၏ ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြသည်။

ယင်းကဲ့သို့ မိတ်ဆက်ပြသသော ဉာဏ်ရည်တုစနစ်နှစ်မျိုးသည် အများသုံးဆော့ဖ်ဝဲများဖြစ်မည်ဟု ယင်းကုမ္ပဏီကဖြည့်စွက်ဖော်ပြခဲ့သည်။

အယ်လာမာ ၄ ဘီဟယ်မော့သ်ကိုလည်း နမူနာပြသထားပြီး ၎င်းကို အယ်လာမာများထဲ၌ မိမိတို့၏ အစွမ်းအထက်ဆုံးဟု ရည်ညွှန်းခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုကာလအတွင်း အယ်လာမာ ၄ သည် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များတွင် အထူးသဖြင့် ဆင်ခြင်တုံတရားနှင့် သင်္ချာဆိုင်ရာ အလုပ်များတွင် မက်တာ၏ မျှော်လင့်ချက်များနှင့်မကိုက်ညီခဲ့ရာမှ မက်တာက ၎င်း၏ အယ်လာမာ နောက်ဆုံးဗားရှင်းကို နောင့်နှေးစွာ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

မက်တာ၏ အယ်လာမာ ၄ သည် လူသားကဲ့သို့ အသံဖြင့် စကားပြောဆိုနိုင်သည့် စွမ်းရည်ပိုင်းတွင် အိုးပင်အေအိုင်မော်ဒယ်များအောက်နိမ့်ကျနေမည်ကို စိုးရိမ်နေကြောင်း သိရသည်။

**Mon**



## တရုတ်နိုင်ငံလုပ် ကိုမက် အေအာဂျေ ၂၁-၇၀၀ လေယာဉ်များ ဗီယက်နမ်တန်ဖိုးနည်း ဗီယက်ဂျက်လေကြောင်းလိုင်း၌ ပျံသန်းမည်

**ဟာနွိုင်း မေ ၆**

ဗီယက်နမ်အခြေစိုက် တန်ဖိုးနည်းဗီယက်ဂျက်လေကြောင်းလိုင်းက တရုတ်နိုင်ငံတွင် ထုတ်လုပ်သော ကိုမက် အေအာဂျေ ၂၁-၇၀၀ လေယာဉ်များကို ဝယ်ယူပြီး ပထမဆုံးအကြိမ်အဖြစ် မေပြီလဆန်းပိုင်းမှ စတင်၍ ပြည်တွင်းလေကြောင်းလိုင်းများတွင် ပျံသန်းစေမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါလေကြောင်းလိုင်းက မေ ၁၅ ရက်နေ့တွင် မြို့တော်ဟာနွိုင်းနှင့် တောင်ပိုင်း ဗီယက်နမ်ကမ်းလွန်ရှိ ကွန်ဒေါကျွန်းအကြား စမ်းသပ်ပျံသန်းမှု လေးကြိမ်ပြုလုပ်မည်ဟု ဆိုသည်။

ထိုနေ့တွင်ပင် စီးပွားရေးမြို့တော် ဟိုချီမင်းမြို့နှင့် ကွန်ဒေါကျွန်းအကြား ပျံသန်းမှုလေးကြိမ် ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း စာရွက်စာတမ်းတွင် ဖော်ပြထားကြောင်း သိရသည်။

**Mon**

## STOP AIDS

## အာဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့ မျှော်လင့်ခဲ့သည့်အတိုင်း ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးရန် ထရမ့်မျှော်လင့်နေ




**ဘာကူး မေ ၆**

အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့ မျှော်လင့်ခဲ့ရသည့် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်မျှော်လင့်နေသည် ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ စွမ်းအင်အရင်းအမြစ်များဆိုင်ရာ ပြည်နယ်ဗျူရို၏ အကြီးတန်းအကြံပေး အဲရစ်ဂျက်ကော့က အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘာကူးမြို့တွင် ကျင်းပသည့် စွမ်းအင်ဆိုင်ရာ အခမ်းအနားတစ်ခုတွင် ဂျက်ကော့က ငြိမ်းချမ်းရေးစာချုပ်သည် တောင်ကော့ကေးဆပ်စ်ဒေသ၏ လုံခြုံရေးနှင့် သာယာဝပြောရေးခေတ်သစ်ကို ဖော်ဆောင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့သည် လွန်ခဲ့သော လအတွင်း နဂိုရ်နိုကာရာဘတ်ဒေသကို ဗဟိုပြုသည့် နှစ်နိုင်ငံအကြား ဆယ်စုနှစ်လေးခုနီးပါး ဖြစ်ပွားခဲ့သည့် ပဋိပက္ခအဆုံးသတ်ရန် ငြိမ်းချမ်းရေးသဘောတူညီချက်စာသားကို သဘောတူညီခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ်အတွင်း ရေကြီး အသက် ၉ နှစ်အရွယ်ကလေးတစ်ဦး ပျောက်ဆုံးသေဆုံးခဲ့ရ



**ဝါရှင်တန် မေ ၆**

အမေရိကန်ပြည်ထောင်စု ပင်တပ်ကီပြည်နယ်မှ အသက် ၉ နှစ်အရွယ် ကလေးတစ်ဦးသည် ယခင်အပတ်နှောင်းပိုင်းက ဖြစ်ပွားသော ရေလွှမ်းမိုးမှုကြောင့် ပျောက်ဆုံးသွားကာ သေဆုံးခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုကလေးသည် သောကြာနေ့မနက်က ကျောင်းဘတ်စ်ကားမှတ်တိုင်သို့ လမ်းလျှောက်သွားစဉ်ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ရခြင်းဖြစ်ပြီး ကင်တပ်ကီပြည်နယ်ရှိ ဖရန်ဖို့တ်ရဲဌာနမှ နှစ်နာရီအကြာတွင် ၎င်း၏အလောင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ မုန်တိုင်းများကြောင့် အနည်းဆုံး ကိုးဦးအထိ သေဆုံးခဲ့ပြီး အမေရိကန်ပြည်ထောင်စုရှိ အာကင်ဆော၊ တင်နက်ဆီနှင့် ကင်တပ်ကီအပါအဝင် ပြည်နယ်များ၌ လေပြင်းများနှင့် မိုးသည်းထန်မှု ဆက်လက်ဖြစ်ပွားကာ ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးစေခဲ့သည်။

အမေရိကန်ဗဟိုမှ အရှေ့ကမ်းရိုးတန်းအထိ "သမိုင်းဝင်နိုင်သည့် မိုးရွာသွန်းမှုနှင့် အပူချိန်အပြောင်းအလဲများ ဖြစ်ပေါ်နိုင်သည်"ဟု အမျိုးသားရာသီဥတု ဝန်ဆောင်မှုမှ ခန့်မှန်းသူများက ကြိုတင်သတိပေးပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## ပီတာရေးနိုးနှင့် ဇနီး ဘာဘီတို့လွတ်မြောက်အောင် ကူညီပေးရန် သားဖြစ်သူက အမေရိကန်ပြည်ထောင်စုအား တောင်းဆို

**ဝါရှင်တန် မေ ၆**

တာလီဘန်အဖွဲ့က လွန်ခဲ့သော ရက်သတ္တ ၉ ပတ်က ဖမ်းဆီးခဲ့သော ဗြိတိသျှဇနီး မောင်နှံနှစ်ဦး၏ သားက အဆိုပါ ၎င်း၏ မိဘများကို လွတ်မြောက်အောင် ကူညီပေးရန် အမေရိကန်ပြည်ထောင်စုအား ယမန်နေ့က တောင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

အသက် ၇၉ နှစ်အရွယ် ပီတာရေးနိုးနှင့် ၇၅ နှစ်အရွယ် ဘာဘီတို့အား ၂၀၂၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံတွင် အာဏာပြန်လည်ရရှိခဲ့သော တာလီဘန်အဖွဲ့က ဘာမီပြည်နယ်အလယ်ပိုင်းရှိ ၎င်းတို့နေအိမ်သို့ ပြန်လာစဉ် ဖေဖော်ဝါရီ ၁ ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှင့်အတူ အဖမ်းခံခဲ့ရသော အမေရိကန်နိုင်ငံသား ဖေယောက်ကို တာလီဘန်အစိုးရက ပြီးခဲ့သောအပတ်တွင် လွှတ်ပေးခဲ့ပြီးနောက် ၎င်းတို့၏သား ဂျိုနာသန်က အမေရိကန်သမ္မတအိမ်ဖြူတော်အနေဖြင့် ကြားဝင်ကူညီပေးရန် တောင်းဆိုခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၁၈ နှစ်ကြာနေထိုင်ကာ ပညာရေးစီမံကိန်းများလည်း လုပ်ကိုင်ခဲ့သော မိဘနှစ်ပါးဖမ်းဆီးခံရခြင်းသည် မိသားစုအတွက် "စိတ်ထိခိုက်ဖွယ်နှင့် ပင်ပန်းနွမ်းနယ်စေသော ကာလဖြစ်သည်"ဟု ၎င်းက ဘီဘီစီသတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0





ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၏ အရှေ့တောင်ဘက်ရှိ သီဟာနုဗီးလ်မြို့တွင် ရီအမ်ရေတပ်စခန်းကို တရားဝင်ဖွင့်လှစ်သည့် အခမ်းအနားတွင် မေ ၅ ရက်နေ့က ပြသသောဓာတ်ပုံပြပွဲကို ဝန်ကြီးချုပ် ဟွန်မန်နက်(ဘယ်မှ ဒုတိယမြောက်လူ)လှည့်လည်ကြည့်ရှုနေစဉ်။ **Mon**

# ဆောင်းရာသီကစိုက်ပျိုးခဲ့သည့် နေကြာအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၆ ဒသမ ၅၂ တင်း ထွက်ရှိ

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းရာသီကစိုက်ပျိုးခဲ့သည့် နေကြာအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၂၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၀၅၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ နေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက နေကြာ ၁၂၈၀၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၆၀၅၉ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ပြည်တွင်းစားသုံးဆီ ဖူလုံစေဖို့နဲ့ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးကြဖို့နဲ့ ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် ဆောင်ရွက်ကြဖို့ တောင်သူအသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာသီးနှံက အခြားဆီထွက်သီးနှံတွေ ဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပန်းနှမ်းတို့ထက် ဆီထွက်ရှိမှု ပိုမိုများပါတယ်။ နောက်ပြီး စိုက်ပျိုးစရိတ် အရင်းအနှီးလည်း အကုန်အကျသက်သာတဲ့အတွက် နေကြာစိုက်ပျိုးတောင်သူတွေ သီးနှံဝင်ငွေအကျိုးအမြတ်လည်း ပိုမိုရရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အရည်အသွေးပြည့်ဝသော သီးနှံများ ထွက်ရှိရေး လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)(၄၄၅)





# စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**စစ်ကိုင်း မေ ၆**

စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်ပွဲကို မေ ၁ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းမြို့ အသင်္ခ ရာရိပ်သာဧည့်ခန်းမတွင် ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အလှူရှင်များအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အလှူငွေ ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံသို့ အလှူငွေကျပ် သိန်း ၆၆၀ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ အလှူရှင်များက အလှူငွေကျပ် သိန်း ၁၃၃၄၁၀၂၅၀၀ (သိန်းပေါင်း တစ်သောင်း သုံးထောင်သုံးရာလေးဆယ် တစ်သိန်း နှစ်ထောင့်ငါးရာ)ကျပ်အား အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားချက်ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကာ ဦးညွှတ်အလေးပြုခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)(၃၉၄)

# ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီဈေးကောင်းရရန် မျှော်လင့်

**ရေနံချောင်း မေ ၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို ဒီဇင်ဘာလက စတင်စိုက်ပျိုးကြရာ မတ်လနောက်ဆုံးပတ်မှစ၍ ရိတ်သိမ်းနေကြပြီ ဖြစ်သည်။

ယခုနှစ် ဆောင်းရာသီ၌ ကြက်သွန်နီ ဧက ၃၃၅၆ စိုက်ပျိုးပြီးစီးခဲ့ပြီး ယနေ့အထိ ကြက်သွန်နီ ဧက ၂၇၀၁ ရိတ်သိမ်းပြီးစီးနေကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းရာသီစိုက် ကြက်သွန်နီတစ်ဧကအတွက်နှုန်းမှာ ပိဿာ ၃၇၆၅ ဒသမ ၈၃ ထွက်ရှိကြောင်း စုစုပေါင်း ၁၀၁၇၁၅၀၄ ပိဿာထွက်ရှိကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုအသစ်ပေါ်သည့် ကြက်သွန်နီကိုနှစ်လုံးပေါက်(တစ်နှစ်လုံး)လှောင်လက်တွင် ထားနိုင်သည့်အပြင် ပြည်တွင်းပြည်ပသို့ ရောင်းဝယ်ဖောက်ကားနိုင်သောကြောင့် ဈေးကောင်းရရန် မျှော်လင့်ကြောင်း သိရသည်။

(အောက်ပုံ)(၄၇၂)

*-*-*-*-*



သစ်တော၊
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာ အခြေခံသင်တန်း(၂/၂၀၂၅)ဆင်းပွဲ ကျင်းပ

**ကန့်ဘလူ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာ အခြေခံသင်တန်း(၂/၂၀၂၅) ဆင်းပွဲကို မေ ၁ ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က လူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ကွန်ပျူတာပညာရပ်များကို စနစ်တကျတတ်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးမျိုးကိုကိုအောင်က ကွန်ပျူတာပညာရပ်များသည် ယခုအခါ လူတိုင်းတတ်မြောက်ထားသင့်သည့် ပညာရပ်တစ်ခုဖြစ်ကြောင်း၊ သင်တန်းမှသင်ကြားပို့ချခဲ့သည်များကို ဆက်လက်လေ့လာဆည်းပူးကြရန်နှင့် နားမလည်သည်များရှိပါက မေးမြန်းနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်၍ သင်တန်းကာလ တစ်လတာအတွင်း ကွန်ပျူတာအခြေခံပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)(၄၈၀)





# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**ဆင်ပေါင်ဝဲ မေ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နေ့ရက်အဖြစ် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မေ ၅ ရက် မွန်းလွဲ ၁ နာရီက ဆင်ပေါင်ဝဲမြို့၊ ဘုရားငါးဆူ စေတီတော်မြတ်ကြီးအတွင်း၌ ကျင်းပခဲ့ကြသည်။

အဆိုပါ ရွတ်ဖတ်ပူဇော်ပွဲတွင် မြို့နယ်အတွင်းရှိ ပင့်သံဃာတော် ၁၁ပါးမှ (ရတနသုတ်၊ မေတ္တသုတ်၊ ဝဋ္ဋသုတ်၊ ပုဗ္ဗဏှသုတ်)ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့အမျှတန်းပေးဝေခဲ့ကြရာ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များက ပင့်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် ပြင်းအားရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် အန္တရာယ်ကင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မေ ၄ ရက်မှ ၆ ရက်အထိ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အကြိမ် (၂၀၀)မြောက် ဆွမ်းလောင်းလှူ

**မန္တလေး မေ ၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက်(၈၀၆)၊ လမ်း၆၀နှင့်၂၈လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ အကြိမ်(၂၀၀)မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါအသင်းရုံးရှေ့၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အရဏ်ဆွမ်းကြာဆံကြော်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။

အကြိမ်(၂၀၀)မြောက် ဆွမ်းလောင်းလှူပွဲကြီး အောင်မြင်နိုင်ရေးအတွက် အလှူရှင်ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ ဆရာမကြီး ဒေါ်နုနုရီ(CAE)ပညာရေး မိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်းမိသားစု)၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့်အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး သွားနှင့်ခံတွင်းဆေးခန်းမိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင် မိသားစု၊ ဖခင်ကြီးဦးကိုးအောင်+မိခင်ကြီးဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်)ကဖေး မိသားစု၊ ဦးမောင်မောင်စိုး၊ (ညီမ)ဦးဝင်းနိုင်+ဒေါ်ယဉ်ယဉ်နု(ရန်ကြီးအောင်ရိပ်မြုံ)မိသားစု၊ ကိုငယ်လေး(ကားဝပ်ရှော့)မိသားစု၊ ကမ္ဘာထိပ်(အထည်ဆိုင်)မိသားစု၊ ရွှေဆင်မင်းသက်န်းတိုက် မိသားစု၊ အေးချမ်းအောင်မြင်ရဲမွန်တောင်ကျောင်းတိုက် ဆရာတော်တို့က မတည်လှူဒါန်းခဲ့ကြကြောင်းနှင့် အဆိုပါအသင်းကြီးသည် လစဉ် မြန်မာလဆန်း ၃ရက်တိုင်း ဆွမ်းလောင်းလှူလျက်ရှိရာ ပါဝင်လှူဒါန်းလိုသူအလှူရှင်များအနေဖြင့် ဖုန်း ၀၉-၄၀၂၅၃၀၃၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၁)**



# ကြွပ်ကြွပ်အိတ်အစားထိုးအသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချစေရန်ရည်ရွယ်၍ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက မြို့မဈေး၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(၄၇၂)**



# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ငွေကျပ် ၄၂၇ သိန်းကျော်တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**မန္တလေး မေ ၆**

ရှမ်းပြည်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ Shan State Joint Action Committee SSJAC က ငလျင်ဘေးဒဏ်သင့်များအတွက် ကူညီထောက်ပံ့လှူဒါန်းလျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသလျက်ရှိသော ငလျင်ဘေးဒဏ်ခံလူနာများအတွက် လိုအပ်လျက်ရှိသော ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို မေ ၅ ရက်တွင် တန်ဖိုးငွေကျပ် ၄၂၇၃၃၀၀၀ ဖိုး ဝယ်ယူလှူဒါန်းခဲ့သည်။

ထိုလှူဒါန်းမှုအတွက် ဆေးရုံအုပ်ကြီးကိုယ်စား ဒုတိယဆေးရုံအုပ် ဒေါက်တာစိုင်းလှတင်က ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**စိုင်းအောင်မိန်း(မိုတိုင်း)**



# (၄၃)ကြိမ်မြောက် တရားစခန်း ကျင်းပမည်

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာရှိ အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာကြီးတွင် (၄၃)ကြိမ်မြောက် ၁၀ ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၁၁ ရက်မှ နှစ်ဆန်းတစ်ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ တရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော်ဘဒ္ဒန္တမာနိတက ခန္ဓာဉာဏ်ရောက် အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများအနေဖြင့် သာသနာဝင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မိမိအသုံးပြုရန်လိုအပ်သော ခြင်ထောင်၊ ခေါင်းအုံး၊ ဆေးဝါးများဖြင့် တန်ခူးလဆန်း ၁၀ ရက် ညနေ ၄ နာရီထက် နောက်မကျစေဘဲ လာရောက်ကြပါရန် တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

**PNT**

## ပုသိမ်ကြီးမြို့နယ်ရှိ မြေငလျင်ဘေးသင့် အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်



**ပုသိမ်ကြီး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်ရှိ မြေငလျင်ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော ပြည်သူများ၏ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံများရှင်းလင်းဖယ်ရှားခြင်းကို ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ က တာဝန်ရှိသူများ ပူးပေါင်း၍ လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အန္တရာယ်ရှိ အဆောက်အအုံများ ဖြိုချရှင်းလင်းဖယ်ရှားခြင်းကို ပြည်သူများအတွက် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပုသိမ်ကြီးမြို့နယ်အနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးစီး၍ နေထိုင်ရန်မသင့်အဆောက်အအုံများ ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်(၆၀)ရာခိုင်နှုန်း လုပ်ဆောင်ပြီးဖြစ်ကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

အဆောက်အအုံများ ရှင်းလင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၅)

၀-၀-၀-၀-၀

## မဟာအောင်မြေမြို့နယ်၊ Great Wall Hotel အဆောက်အအုံတိမ်းစောင်းပြိုကျမှု ရှင်းလင်းဆောင်ရွက်



**မန္တလေး ဧပြီ ၆**

မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ရန်မန်းလမ်း၊ ၄၂လမ်းနှင့် သိပ္ပံလမ်းကြားရှိ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Great Wall Hotel အဆောက်အအုံတွင် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၂(A)နှင့် ၁၀၇လမ်းကြား၊ မန္တလာသီရိဘောလုံးကွင်းအတွင်း အခြေပြုလျက်ရှိသော ရုရှားနိုင်ငံကယ်ဆယ်ရေးအဖွဲ့၊ KOROVRKOV ပါ (၁၆၄)ဦးအဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး၊ ဘာသာပြန် ဗိုလ်ကြီး ကျော်ကိုကိုသန့်၊ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ Great Wall HOTEL ပြိုကျပျက်စီးမှုအတွင်း Dead Body များရရှိရေး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘက်ဟိုးယာဉ်ဖြင့် အပေါ်ထပ်များအထိ လက်လှမ်းမီစေရန် မြေဖို့ခြင်းများ ဆောင်ရွက်လျက်ရှိရာ GREAT WALL HOTEL ၏ လမ်းပေါ်သို့ ပြိုယိုင်နေသော ဟိုတယ်တောင်ဘက်ခြမ်းအဆောက်အဦးအား ဟိုတယ်၏ နောက်ကျောဘက်ခြမ်းမှ စက်ယန္တရားများဖြင့် ဖြတ်တောက်လုပ်ကိုင်နေစဉ် လမ်းပေါ်သို့ ရုတ်တရက်ပြိုကျမှု ဖြစ်ပွားခဲ့ရာ လူထိခိုက်မှုမရှိဘဲနှင့် ကယ်ဆယ်ရှင်းလင်းရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၆)

## မကွေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးဆောင်ရွက်



**မကွေး ဧပြီ ၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မီးသတ်ဦးစီးဌာနက ပြည်သူများမီးပေါ်ဆမှု မရှိစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀နာရီ မိနစ်၃၀က မကွေးမြို့နယ်အတွင်း ညောင်ကန်ကျေးရွာအုပ်စု၊ ညောင်ကန်ကျေးရွာတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ် ဦးစီးမှူး ဦးစိုးသူ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာမီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာနေပြည်သူများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိက အဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတ်မှုရေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

## မြို့သစ်မြို့နယ်တွင် စိတ်ကြိုက်ပန်းချီ ပြိုင်ပွဲကျင်းပ

**မြို့သစ် ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကာလ၌ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ပန်းချီရေးဆွဲရာတွင် အခြေခံကျကျရေးဆွဲတတ်စေရန်နှင့် ပန်းချီအနုပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ဧပြီ ၂ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre )ခန်းမ၌ ကျင်းပသည်။



အဆိုပါ စိတ်ကြိုက်ပန်းချီ ပြိုင်ပွဲတွင် မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း( Book Club) အဖွဲ့ဝင်ဖြစ်သည့် ပန်းချီဆရာဦးတင်မောင်ဝင်းက ပြိုင်ပွဲစည်းမျဉ်း၊စည်းကမ်းများကို ပြောကြား၍ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးက မိမိတို့ စိတ်ကြိုက် ရေဆေးပန်းချီပုံဖြင့် အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ (ဝဲပုံ)

ထို့နောက် စိတ်ကြိုက်ရေဆေးပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်နှင့် ပန်းချီဆရာ ဦးတင်မောင်ဝင်းတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ငလျင်ဒဏ်သင့်ခဲ့သည့် ပြည်သူများအတွက် နံနက်စာနှင့် ညနေစာများကို ဝေငှ

**မန္တလေး ဧပြီ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ငလျင်ဒဏ်သင့်ခဲ့သည့် ပြည်သူများအတွက် နံနက်စာနှင့် ညနေစာများကို အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့သို့ သွားရောက်ဝေငှပေးခဲ့ကြသည်။

ထိုသို့ ထမင်းထုပ်များ ဝေငှပေးအပ်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ခံအရာရှိနှင့် အဖွဲ့ဝင်များက အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများကို အဖွဲ့တစ်ဖွဲ့၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများကို အဖွဲ့တစ်ဖွဲ့စီခွဲ၍ နံနက် ထမင်းထုပ်ငါးထောင်နှင့် ညနေထမင်းထုတ်ငါးထောင်စီကို ပေးဝေခဲ့ရာ တစ်ရက်လျှင် ထမင်းထုတ်တစ်သောင်းစီပေးဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူနေအိမ်များ ကြံ့ခိုင်မှုကို စစ်ဆေးရန် MCEF သို့ ဆက်သွယ်နိုင်



**မန္တလေး ဧပြီ ၆**

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (MCEF)အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူနေအိမ်များ ကြံ့ခိုင်မှုကို စစ်ဆေးအကြံပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထိခိုက်ပျက်စီးသွားသည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုအနေအထားများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းက ကြီးကြပ်၍ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ လူငယ်ပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ လူနေထိုင်ရန်မသင့်၊ ပြုပြင်ရန်၊ ဖြိုဖျက်ရန်လိုအပ်မှုရှိ၊ မရှိများကို ကျွမ်းကျင်အင်ဂျင်နီယာများ အဖွဲ့ဖြင့် ယနေ့မှစတင်ကာ စစ်ဆေးအကြံပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အကူအညီလိုအပ်သော အိမ်ပိုင်ရှင်များသည် မန္တလေးတိုင်းဒေသကြီးဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းသို့ ဖုန်းနံပါတ် ၀၉-၂၀၄၄၁၄၂၊ ၀၉-၂၀၂၇၃၃၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး ထောက်ပံ့ငွေနှင့် နှမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် နှမ်းမျိုးစေ့များထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်က မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ပြီးစီးအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မီးဘေး၊ လေဘေး၊ မုန်တိုင်းဘေး အစရှိသည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားပြီး စုပေါင်းဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစောနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မုန်းဇလဲကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စု ၃၇၂ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၅၈၃ ဒသမ ၂၀ သိန်း၊ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၇၅စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၁ ကတ်၊ Biometric UID ၂၂၀ ခု၊ နှမ်းစိုက်ပျိုးရန်လိုအပ်သော တောင်သူ ၁၀၅ ဦး၏ လယ်မြေ ၃၁၂ ဧကအတွက် ငွေကျပ် ၁၁၆ ဒသမ ၈ သိန်း တန်ဖိုးရှိ နှမ်းမျိုးစေ့ ၃၉တင်းနှင့် အဝတ်အထည်ပစ္စည်းများကို မီးဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ရာ ကျေးရွာ ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာတွင် မတ် ၁၂ ရက်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၄၅၀၊ အိမ်ထောင်စု ၄၇၀ ရှိသည့်အနက် အိမ်ခြေ ၃၆၀ မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၃၇၂စု၊ လူဦးရေ ၁၄၄၅ ဦး မီးဘေးဒဏ်သင့်ခဲ့ရပြီး ယခုလက်ရှိတွင် အဆိုပါကျေးရွာရှိ မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ဝေး၊ ရပ်နီးမှ စေတနာအလှူရှင်များ စုပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



# နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**အောင်လံ ဧပြီ ၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှတိုင်းဒေသကြီး သံဃနာယက အကျိုးတော်ဆောင် ဆရာတော်နှင့် လျှောက်ထားညှိနှိုင်းချက်အရ မြေငလျင်ဘေးအန္တရာယ်ကြောင့် သေဆုံးဒဏ်ရာရထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ရည်ရွယ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များနာယူ၍ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီက သမိုင်းဝင်ဆုတောင်းပြည့် ရွှေပြောင်ပြောင်ဘုရားကြီး အတွင်း၌ ဝတ်ပြုဆုတောင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဝတ်ပြုဆုတောင်းပူဇော်ခြင်းကို ဧပြီ ၄ရက်မှ ၆ရက်အထိ ပင့်သံဃာတော် ၁၁ ပါး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ရှိ ဓမ္မစကြာအဖွဲ့များမှ(ရတနသုတ်၊ မေတ္တသုတ်၊ ဝဋ္ဋသုတ်၊ ပုဗ္ဗဏှသုတ်)များကို သမိုင်းဝင်ဆုတောင်းပြည့် ရွှေပြောင်ပြောင်ဘုရားကြီးအတွင်း၌ ၃ရက်တိုင်တိုင် နေ့စဉ်ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

# ငလျင်ဒဏ်သင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဧပြီ ၆**

ငလျင်ဒဏ်သင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ဣန္ဒာသယကျောင်းတိုက်၊ မဟာသန္တိသုခဗိမာန်တော်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ပံ့ပေးအပ်သည်။ ထောက်ပံ့ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဆွေလွင်အောင်၊ အဖွဲ့ဝင် ၂ ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် တာဝန်ရှိသူများက ငလျင်ဘေးတွင် သေဆုံးသူ ၁၄ ဦး၏ မိသားစုဝင်များအား တစ်ဦးလျှင် ငွေကျပ် ၁ သိန်းနှုန်း၊ ငလျင်ဘေးတွင် စွမ်းစွမ်းတမံကယ်ဆယ်ဆောင်ရွက်ခဲ့သည့် လူငယ် တစ်ဦးအား ငွေကျပ် ၁သိန်း၊ ကယ်ဆယ်ရေးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အဖြူရောင်မေတ္တာရှင်လူမှုကူညီရေးအသင်းအား ငွေကျပ် ၅ သိန်း၊ ကယ်ဆယ်ရေးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရဲမွန်တောင်အရန်မီးသတ်တပ်ဖွဲ့အား ငွေကျပ် ၅ သိန်း၊ သက်ကြီးဘိုးဘွား ၄၅ဦးအား တစ်ဦးလျှင် ငွေကျပ် ၃သောင်းနှင့်ပစ္စည်းများ၊ မြို့နယ် ပလကဖ ၅၀ ဦးနှင့်ရာအိမ်မှူး ၁၅ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂သောင်းစီနှင့်ပစ္စည်းများ၊ ရပ်ကွက်ပြည်သူ အိမ်ထောင်စု ၁၀၀ စုတို့အားထောက်ပံ့ငွေကျပ် ၂သောင်းစီနှင့် ဆန် ၂ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆား ၁ထုပ်၊ လုံချည် ၁ကွင်း၊ ခေါက်ဆွဲခြောက် ၁ထုပ် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၆)



# မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး



**တောင်တွင်းကြီး ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ဘုရားစေတီပုထိုးများ နှင့် သာသနိက အဆောက်အအုံ များ မီးဘေးလုံခြုံရေးအတွက် ယမန်နေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျရွှေ အင်းတောင်စေတီမြတ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစောမောင်၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်စခန်းမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေအိုးနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ လျှပ်စစ်ဝါယာကြိုး သွယ်တန်းထားရှိမှုများ၊ ဆီမီး၊ အမွှေးတိုင်များပူဇော်ရာတွင် မီးလောင်မှု မဖြစ်ပေါ်စေရေးအတွက် စနစ်တကျထားရှိမှုအခြေအနေများ၊ မီးငြိမ်းသတ်ရေးအတွက် ထားရှိသည့် ရေသိုလှောင်ကန်များ၊ အမြင့် တင်ရေစင်များ၊ မီးချိတ်၊ မီး ကပ်၊ မီးသတိပေးစာတန်းများ၊ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် သစ်ရွက်ခြောက်များ အလွယ်တကူ မီးလောင်မှုမဖြစ်ပေါ်စေရေး သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ထားရှိရန်၊ မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ စနစ်တကျ ထားရှိမှု ရှိ၊ မရှိ၊ မလိုအပ်သည့် မီးကြိုးဟောင်းများ၊ မီးပလပ်ခုံများအား စနစ်တကျ စွန့်ပစ်ထားရှိရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင် (ဗိသနိုးမြေ)

၀-၀-၀-၀-၀

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေး

**ချောက် ဧပြီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယမန်နေ့က လုံခုတ်ကျေးရွာအုပ်စု နောင်ခါးကျေးရွာ၌ ဆောင်ရွက်ကြသည်။

ထိုသို့ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုံခုတ်ကျေးရွာအုပ်စု နောင်ခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ကိုင်သည့် တောင်သူ စုစုပေါင်း အသင်းသား ၇၁ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်ရန်ပုံငွေကျပ်သိန်း ၆၇၄ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့သည်။

အဆိုပါ လုံခုတ်ကျေးရွာအုပ်စု နောင်ခါးကျေးရွာတွင် စုစုပေါင်း လူနေအိမ် ၁၀၆အိမ်ရှိပြီး စုစုပေါင်း လူဦးရေ ၅၁၃ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် အောင်လံစံပြမြို့နယ်၊ ကျီရပ်ကုန်းအဆင့်မြင့် စံပြလယ်ယာနွေစပါး ၁၅၅ ဧက စိုက်ပျိုးသည့် စံပြတောင်သူများနှင့် တွေ့ဆုံ

**အောင်လံ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အောင်လံစံပြမြို့နယ်၊ ကျီရပ်ကုန်းအဆင့်မြင့် စံပြလယ်ယာ နွေစပါး ၁၅၅ ဧက စိုက်ပျိုးသည့် စံပြတောင်သူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က အောင်လံမြို့ ဒုရင်ဗိုလ်လှုပ်စစ်ရေတင်ဧရိယာ ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က တောင်သူများအား မကွေးတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ရေမြေသဘာဝ အခြေခံနဲ့ အခွင့်အလမ်းများ၊ အခြေအနေကောင်းများရရှိပြီးဖြစ်တဲ့အတွက် ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားစေရန် ပြောကြားခဲ့သည်။ နွေစပါး ၁၅၅ ဧက စိုက်ပျိုးသည့် စံပြတောင်သူများအား ယူရီးယားမြေသြဇာနှင့် ဘိုင်အိုကွန်ပို့စ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး နွေစပါးများ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

## လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များကို ပြန်လည်ရှင်းလင်းသည့် အစည်းအဝေးကျင်းပ

**မကွေး ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များကို ပြန်လည်ရှင်းလင်းသည့်အစည်းအဝေးကို တိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင်ခန်းမ၌ ဧပြီ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အဖွင့်အမှာစကားပြောကြားရာတွင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် မှာကြားချက်များကို အသေးစိတ် ဆွေးနွေးကာ ဥပဒေရေးရာလုပ်ငန်း ဆောင်ရွက်ချက်များကို အများပြည်သူ သိရှိစေရန်နှင့် ယုံကြည်ကိုးစားအလေးထားစေရန် ဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်ထားကြောင်း၊ ဥပဒေအကြံဉာဏ်ပေးရေးကိစ္စများ၊ ဥပဒေအသိပညာ ပြန့်ပွားရေးကိစ္စများကို ပြောကြားပြီးနောက် တိုင်းဒေသကြီး ဥပဒေအရာရှိက ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်မှာကြားချက်များကို တစ်ဆင့်ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအကြံပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တရားစွဲနှင့်အမှုလိုက် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ ရှင်းလင်းဆွေးနွေးချက်များအပေါ် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ချောက်၊ မင်းဘူး၊ သရက်နှင့် အောင်လံခရိုင်ဥပဒေအရာရှိများက ထပ်ဆင့်ရှင်းလင်း၍ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအား Video Clip ဖြင့် ပြသကာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီး ဥပဒေအရာရှိက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဥပဒေအရာရှိ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ ဆွေးနွေးပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဥပဒေအရာရှိ ကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ဥပဒေအရာရှိ ကျင့်ဝတ်၊ ဘက်လိုက်မှုကင်းပြီး တရားမျှတစွာ ဆောင်ရွက်ခြင်းခေါင်းစဉ်နှင့် ရှင်းလင်းဆွေးနွေးမှုအပေါ် တက်ရောက်လာသည့် ဥပဒေအရာရှိများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခိုင်စိုးလင်း(ပြန်/ဆက်)**



| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| လန်းစ် | ၁ - ၀ | စိန့်အက်တီယန်း |
| မောင့်ပယ်လီယာ | ၀ - ၂ | လီဟာဗာ |
| Reims | ၀ - ၁ | စထာရာဘော့ |
| ရင်းနက်စ် | ၀ - ၁ | အော်ဇေး |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| လက်ချီ | ၁ - ၁ | ဗင်နီဇီယာ |
| အမ်ပိုလီ | ၀ - ၀ | ကက်ဂလီယာရီ |
| တိုရီနို | ၁ - ၁ | ဗီရိုနာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| စိန့်ပေါလီ | ၁ - ၁ | မိုချန်ဂလာဘတ် |
| ယူနီယံဘာလင် | ၁ - ၀ | ဝုဖ်ဘတ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| လက်ပါးမက် | ၁ - ၃ | ဆိုစီဒက် |
| ဆီဗီလာ | ၁ - ၂ | အေတီကို |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘရန့်ဖို့ဒ် | ၀ - ၀ | ချဲလ်ဆီး |
| ဖူလ်ဟမ် | ၃ - ၂ | လီဗာပူး |
| စပါး | ၃ - ၁ | ဆောက်သမ်တန် |


## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် တာယာဆိုဒ်စုံ(၁၀)မျိုး (၂၇၄)လုံး၊ ဘက်ထရီမျိုးစုံ(၅)မျိုး (၂၂၁)လုံးနှင့် ယန္တရားအပိုပစ္စည်း(၄)မျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်၍ တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ်၁၀၀၀၀/-နှုန်းဖြင့် ၆၂လမ်း၊ (၁၀၆လမ်းနှင့် ၁၀၇လမ်းကြား)၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင်(၇-၄-၂၀၂၅ မှ ၁၁-၄-၂၀၂၅)ရက်အထိ ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အိတ်ဖွင့်တင်ဒါများအား (၇-၅-၂၀၂၅)ရက်၊ နံနက်(၀၉:၀၀)နာရီအချိန်တွင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့်အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(ဖုန်း ၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၂၆၂၆၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**



**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၈)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးခင်မောင်ငြိမ်း(၉/အမဇ(နိုင်)၀၁၅၉၆၀)အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးတင်ငွေဦး(၁၃/ကလန(နိုင်)၀၀၅၀၅၅)အမည်ဖြင့်လည်းကောင်း ရရှိထားသောဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်များကို အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကီစန်း(ဘ)ဦးပရေမ်ပရာဆပ်(၁၃/လရန(နိုင်)၁၀၁၂၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးသန်းရွှေ B.A(Hist),H.G.P**

**အထက်တန်းရှေ့နေ**

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၉၆၇၉၂၂၆၇၀



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄)၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိမြေကွက်မှာ ဦးသာလှ(ဘ)ဦးချစ်ဖုံ၊ မှတ်ပုံတင်အမှတ်(DI-၀၃၆၁၅၀)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။အဆိုပါမြေကွက်၏ မြောက်ဘက်ခြမ်းဧရိယာ ပေ(၄၀×၄၀) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(ရေ+မီး)အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် တဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှရွှေ(ဘ)ဦးသောင်းတင်(၈/ပမန(နိုင်)၀၁၀၆၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**


**ဦးသန်းရွှေ B.A(Hist),H.G.P**

**အထက်တန်းရှေ့နေ**

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၉၆၇၉၂၂၆၇၀





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိဘုရားကြီးတွင် ငလျင်လှုပ်ခတ်စဉ် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များအား သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြား

နေပြည်တော် ဧပြီ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေး အဖွဲ့များအား သွားရောက်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်ဟောင်း နေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital သို့ ရောက်ရှိကြရာ အဖွဲ့ခေါင်းဆောင် Lt. Col Jagneet Gill နှင့် တာဝန်ရှိသူများက ဆေးကုသမှု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်မှုများနှင့် ဆေးကုသပေးမှုများ လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ပြီး အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ ခေါင်းဆောင်က လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အိန္ဒိယတပ်မတော် ဆေးကုသရေး အဖွဲ့ဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမန္တလေးဟိုတယ်ရှေ့၌ ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့အား သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Kyauk Me က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ လာရောက်ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရရှိခဲ့သည့် ကူညီကယ်ဆယ်ရေး အတွေ့အကြုံများကိုလည်း မျှဝေပေးသွားစေလိုပြီး မိမိတို့အနေဖြင့် ယခုဖြစ်စဉ်ဖြစ်ရပ်အပေါ် သင်ခန်းစာယူ၍ နောင်တွင် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများအား ဆက်လက် သုတေသနပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျေးဇူးတင် စကားများကို ပြောကြားကာကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလာသီရိအားကစားကွင်းသို့ရောက်ရှိကြပြီး အားကစားကွင်းနေရာတွင် ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိသည့် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအား ရင်းရင်းနှီးနှီး စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။